# ပြည်သူ့အခြေခံ လိုအပ်ချက်စစ်တမ်း



## မြန်မာနိုင်ငံရှိ အိမ်ထောင်စုများအပေါ် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်း လူမှုစီးပွားဆိုင်ရာ သက်ရောက်မှု

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ

# ပြည်သူ့အခြေခံ လိုအပ်ချက်စစ်တမ်း

## မြန်မာနိုင်ငံရှိ အိမ်ထောင်စုများအပေါ် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်း လူမှုစီးပွားဆိုင်ရာ သက်ရောက်မှု

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ

# မာတိကာ


၄ အတိုကောက်ဝေါဟာရ စကားလုံးများ

၅ အစီရင်ခံစာ အနှစ်ချုပ်

၁၁ စစ်တမ်းကောက်ယူရာတွင်အသုံးပြုသည့်နည်းစနစ်

၁၇ **အခန်း (၁)**
စစ်အာဏာသိမ်းမှု၏ အိမ်ထောင်စုဝင်ငွေနှင့် အလုပ်အကိုင် ဆုံးရှုံးမှုအခြေအနေ အပေါ် သက်ရောက်မှု

၃၁ **အခန်း (၂)**
နေထိုင်မှုစရိတ်များ ကာမိစေရန် အသုံးပြုသော နည်းလမ်းများ

၃၉ **အခန်း (၃)**
စားနပ်ရိက္ခာရရှိမှုနှင့် ကျန်းမာရေး ဝန်ဆောင်မှုများအား လက်လှမ်းမီမှုဆိုင်ရာ သဘောထားအမြင် ပြောင်းလဲမှုများ

၄၃ **အခန်း (၄)**
ပြည်တွင်းပြည်ပ ရွှေ့ပြောင်းသွားလာခြင်း

၄၆ **အခန်း (၅)**
သုံးသပ်ချက်များ

၄၈ **နောက်ဆက်တွဲ (၁)**
အကျပ်အတည်း ရင်ဆိုင်ကျော်လွှားမှု နည်းလမ်းများနှင့် စပ်လျဉ်း၍ ကြိမ်နှုန်းမြင့်စစ်တမ်းများ (HFS) နှင့် ပြည်သူ့အခြေခံလိုအပ်ချက် စစ်တမ်းတို့ကြား နှိုင်းယှဉ်ချက်

# ဇယားများစာရင်း


ဇယား – ၁ ဆက်သွယ်မေးမြန်းခဲ့သည့် ဖြေဆိုသူအရေအတွက် 12

ဇယား – ၁.၁ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်း အိမ်ထောင်စုဝင်ငွေ အပြောင်းအလဲ (ရာခိုင်နှုန်းဖြင့်) 19

ဇယား – ၁.၂ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ဝင်ငွေရင်းမြစ် အရေအတွက် (ရာခိုင်နှုန်းဖြင့်) 25

ဇယား – ၁.၃ ၂၀၂၀ ခုနှစ်၊ မတ်လတွင် ကိုဗစ်–၁၉ ဆိုင်ရာ ကန့်သတ်ချက်များ စတင်ပြီးနောက်ပိုင်း အလုပ်အကိုင်* ဆုံးရှုံးခဲ့သည့် အိမ်ထောင်စုဝင် အနည်းဆုံး တစ်ဦး ရှိသည့် အိမ်ထောင်စုများ 26

ဇယား – ၁.၄ မြို့ပြ/ကျေးလက်ဒေသအလိုက် ဖော်ပြထားသော လယ်ယာနှင့်မသက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်နေသော အိမ်ထောင်စုများအချိုးအစား (ရာခိုင်နှုန်းဖြင့်) 29

ဇယား – ၃.၁ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်းတွင် အိမ်ထောင်စုများသည် ငွေမရှိခြင်းကြောင့် သို့မဟုတ် နေထိုင်မှုစရိတ်များကို ကာမိစေမည့် အခြားအရင်းအမြစ်များမရှိခြင်းကြောင့် အစားလျှော့စားခဲ့ခြင်း ရှိ/မရှိ ဆန်းစစ်ခြင်း (ရာခိုင်နှုန်းဖြင့်) 41

ဇယား – ၄.၁ ရွှေ့ပြောင်းသွားလာသူများ သွားရောက်မည့် နိုင်ငံများ 45


# ပုံများ စာရင်း


ပုံ – ၁ ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားစဉ်နှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ဖြစ်ရပ်များအတွင်း ဆောင်ရွက်ခဲ့သော အိမ်ထောင်စုစစ်တမ်းများ၏ အချိန်ကာလပြမျဉ်း 14

ပုံ – ၂ အနည်းဆုံးမိုဘိုင်းဖုန်းတစ်လုံးပိုင်ဆိုင်သော အိမ်ထောင်စုများ၊ ဆင်းရဲနွမ်းပါးမှု အဆင့်အလိုက် (ရာခိုင်နှုန်းဖြင့်) ဖော်ပြထားခြင်း၊ 15

ပုံ – ၁.၁ ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားစဉ်နှင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ဖြစ်ရပ်များအတွင်း ဆောင်ရွက်ခဲ့သော အိမ်ထောင်စုစစ်တမ်းများ၏ အချိန်ကာလပြမျဉ်း 20

ပုံ – ၁.၂ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း အိမ်ထောင်စုသုံးစွဲနိုင်သည့်ဝင်ငွေ ကျဆင်းသွားရခြင်း အကြောင်းရင်းများ (ရာခိုင်နှုန်းဖြင့်) 21

ပုံ – ၁.၃ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ဝင်ငွေရရှိသည့် ရင်းမြစ်များ (ရာခိုင်နှုန်းဖြင့်) 23

ပုံ – ၁.၄ နိုင်ငံရပ်ခြားမှ လွှဲပို့ငွေများလက်ခံရရှိသည့် အိမ်ထောင်စုများ အချိုးအစား၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၂၀ ခုနှစ် (ရာခိုင်နှုန်းဖြင့်) 23

ပုံ – ၁.၅ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း အဓိကဝင်ငွေရင်းမြစ်များ (ရာခိုင်နှုန်းဖြင့်) 24

ပုံ – ၁.၆ ဝင်ငွေရင်းမြစ်အရေအတွက်၊ ၂၀၁၇ နှင့် ၂၀၂၁ (ရာခိုင်နှုန်းဖြင့်) 25

ပုံ – ၁.၇ ကျား/မအလိုက် ဖော်ပြထားသော ကိုဗစ်–၁၉ ဆိုင်ရာ ကန့်သတ်ချက်များရှိပြီးနောက်ပိုင်း အိမ်ထောင်စုအတွင်း အလုပ်အကိုင်ဆုံးရှုံးမှု (ရာခိုင်နှုန်းဖြင့်) 27

ပုံ – ၁.၈ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း လုပ်ငန်းများရပ်ဆိုင်းသွားသော သို့မဟုတ် အလုပ်အကိုင်ဆုံးရှုံးသွားသော အိမ်ထောင်စုများ အချိုးအစား၊ အလုပ်အကိုင်အမျိုးအစားအလိုက် (ရာခိုင်နှုန်းဖြင့်) ဖော်ပြထားခြင်း 28

ပုံ – ၂.၁ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း အိမ်ထောင်စုများ အသုံးပြုသည့် အကျပ်အတည်း ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းများ (ရာခိုင်နှုန်းဖြင့်) 33

ပုံ – ၂.၂ ၂၀၂၀ ခုနှစ်၊ မေလမှ ၂၀၂၁ ခုနှစ်၊ မေ/ဇွန်လအတွင်း အသုံးပြုသောအကျပ်အတည်း ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းများ (ရာခိုင်နှုန်း) 34

ပုံ – ၂.၃ စုဆောင်းငွေအပေါ်မှီခိုနေရသော အိမ်ထောင်စုများ၏ ကျန်ရှိနေသည့်စုဆောင်းငွေများ ဆက်လက်သုံးစွဲနိုင်မည့် လအရေအတွက် (ရာခိုင်နှုန်း) 35

ပုံ – ၂.၄ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ပိုင်ဆိုင်ပစ္စည်းများအား ရောင်းချခဲ့သည့် အိမ်ထောင်စုများ အချိုးအစား၊ ပစ္စည်းအမျိုးအစားအလိုက် (ရာခိုင်နှုန်းဖြင့်) 36

ပုံ – ၂.၅ အိမ်ထောင်စုလစဉ်ဝင်ငွေ လျော့နည်းသွားမှု (ရာခိုင်နှုန်းဖြင့်) 36

ပုံ – ၂.၆ ဆင်းရဲနွမ်းပါးမှု နှိုင်းရအချိုး (ကိုဗစ်ရောဂါ မဖြစ်ပွားမီက ဆင်းရဲနွမ်းပါးမှုနှုန်းအား အခြေခံ ရည်ညွှန်းချက်အဖြစ် အသုံးပြုထားသည်။) 37

ပုံ – ၂.၇ အိမ်ထောင်စုဝင်ငွေအပေါ် အပြင်းထန်ဆုံး ထိခိုက်စေသော အကြောင်းရင်း – ကိုဗစ်–၁၉ သို့မဟုတ် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်းအဖြစ်အပျက်များ (ရာခိုင်နှုန်းဖြင့်) 38

ပုံ – ၃.၁ အိမ်ထောင်စုများအတွင်း ပုံမှန်ထက် လျှော့စားခြင်း၊ ၂၀၂၀ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် (ရာခိုင်နှုန်းဖြင့်) 40

ပုံ – ၃.၂ လွန်ခဲ့သောလအတွင်း ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီ ရယူနိုင်မှုအပေါ် သဘောထားအမြင် (စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း) 41

ပုံ – ၃.၃ ၂၀၁၉ ခုနှစ် ကျန်းမာရေးဝန်ဆောင်မှုများအပေါ် စိတ်ကျေနပ်မှုအဆင့် (ရာခိုင်နှုန်းဖြင့်) 42

ပုံ – ၄.၁ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်း မြို့ပြ/ကျေးလက်ဒေသအလိုက် ရွှေ့ပြောင်းသွားလာနေထိုင်သော အိမ်ထောင်စုများဖော်ပြထားခြင်း (ရာခိုင်နှုန်းဖြင့်) 44

ပုံ – ၄.၂ လာမည့် ၁၂ လအတွင်း နိုင်ငံရပ်ခြားသို့ သွားရောက်ရန် စီစဉ်နေသော အိမ်ထောင်စုဝင် အနည်းဆုံး တစ်ဦးရှိသည့် အိမ်ထောင်စုများ အချိုးအစား (ရာခိုင်နှုန်းဖြင့်) 44

ပုံ – ၄.၃ လာမည့် ၁၂ လအတွင်း နိုင်ငံရပ်ခြားသို့ သွားရောက်ရန်လိုအပ်သည့် ပြင်ဆင်မှုများ စတင်ပြုလုပ်နေမှု (ရာခိုင်နှုန်းဖြင့်) 45

# အတိုကောက်ဝေါဟာရ စကားလုံးများ

| | |
|---|---|
| CATI | ကွန်ပြူတာအကူအညီဖြင့် ဖုန်းမှတစ်ဆင့် တွေ့ဆုံမေးမြန်းစစ်တမ်းကောက်ခြင်း |
| COVID–19 | ကိုရိုနာဗိုင်းရပ်စ်ရောဂါ ၂၀၁၉ |
| HVS 2020 | ထိခိုက်လွယ်သော အိမ်ထောင်စုများအား လေ့လာမှု စစ်တမ်း ၂၀၂၀ |
| HFS | ကြိမ်နှုန်းမြင့်စစ်တမ်းများ (ကမ္ဘာ့ဘဏ်) |
| ILO | အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ |
| MLCS 2017 | မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း (၂၀၁၇) |
| SDGs | စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ |
| UNDP | ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် |

ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းသည် Myanmar Development Observatory အောက်ရှိ အစောဆုံး ဆောင်ရွက်သည့် လေ့လာမှုများထဲမှတစ်ခု ဖြစ်သည်။ Observatory သည် နိုင်ငံတကာအသိုင်းအဝိုင်း၊ ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် မြန်မာအရပ်ဘက်အဖွဲ့အစည်းများအတွက် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်ပြောင်းလဲမှုများနှင့် အတူ လူမှုစီးပွားဆိုင်ရာအခြေအနေများကို ထင်ဟပ်သည့် နောက်ဆုံးရအချက်အလက်များအား ပံ့ပိုးပေးသွားမည် ဖြစ်သည်။ UNDP ၏ ရုံးတွင်းအကြံပေးပညာရှင်များအဖွဲ့အား အောက်ပါမဏ္ဍိုင်သုံးခုပေါ်တွင် အခြေခံ၍ ဖွဲ့စည်း ထားပြီး လေ့လာဆန်းစစ်သုံးသပ်မှုများကို အောက်ဖော်ပြပါ အချက်အလက်များပေါ်တွင်ပြုလုပ်သွားမည် ဖြစ်သည် –

၁။ **စီးပွားရေး** – စစ်အာဏာသိမ်းမှုနှင့် ကမ္ဘာ့ကပ်ရောဂါတို့၏ (ဆင်းရဲနွမ်းပါးမှုအခြေအနေအပေါ် သက်ရောက်မှုအပါအဝင်) စီးပွားရေးဆိုင်ရာ သက်ရောက်မှုများကို စောင့်ကြည့်လေ့လာခြင်း၊

၂။ **SDG ပန်းတိုင်များ** – အဓိကကျသည့် ဖွံ့ဖြိုးမှုညွှန်ကိန်းများ၏ ဆုတ်ယုတ်မှုအခြေအနေအား အကဲဖြတ် ဆန်းစစ်ခြင်း (အထူးသဖြင့် ထိခိုက်လွယ်သောသူများနှင့် ဖယ်ကြဉ်ခံရသူများအတွက်)၊

၃။ **ပဋိပက္ခ** – ပဋိပက္ခ၊ ဆင်းရဲနွမ်းပါးမှုနှင့် SDG ပန်းတိုင်များကြား အပြန်အလှန် ချိတ်ဆက်သက်ရောက် နေမှုများကို အဓိကထား၍ ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများကို စောင့်ကြည့်လေ့လာခြင်း။

ပြည်သူ့အခြေခံလိုအပ်ချက် စစ်တမ်းတွင် မေခရို(macro)စီးပွားရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှုများသည် အိမ်ထောင်စုများအပေါ် မည်သို့သက်ရောက်မှုရှိပုံကို လေ့လာပါသည်။ ကိုဗစ်–၁၉ နှင့် စစ်အာဏာသိမ်းမှုကြောင့် ပြည်သူများ လက်တွေ့ဘဝတွင် တွေ့ကြုံခံစားနေကြရသည့် လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုများအား နားလည် သိရှိမှုသည် ဝင်ငွေဆိုင်ရာ ဆင်းရဲနွမ်းပါးမှုအား တိုင်းတာရန်အတွက်သာမက ယေဘုယျ ထိခိုက်လွယ်မှုများကို ခြုံငုံတိုင်းတာရန်နှင့် အကျပ်အတည်းနှစ်ခု တစ်ပြိုင်တည်း ကျရောက်မှုကြောင့် မြန်မာပြည်သူများအပေါ် မိသားစု ဆိုင်ရာအဆင့်နှင့် လူတစ်ဦးချင်းစီဆိုင်ရာအဆင့်အထိ ထိခိုက်မှုများကို တိုင်းတာရန်အတွက်ပါ အရေးကြီးပါသည်။

ဤအစီရင်ခံစာတစ်ခုလုံးတွင် စစ်တမ်းဖြေဆိုသူများ၏ အသံကို ကြားသိခွင့်ရမည်ဖြစ်ပြီး ယခုကဲ့သို့ ခက်ခဲသော အခြေအနေများတွင် သတင်းအချက်အလက်များအား အမည်မဖော်ဘဲ ပေးအပ်ခဲ့ကြသူများအားလုံးကို UNDP အဖွဲ့မှ လိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ပြည်သူ့အခြေခံလိုအပ်ချက် စစ်တမ်းအတွက် အချက်အလက်ကောက်ယူမှုများကို Myanmar Survey Research မှ ဆောင်ရွက်ပေးခဲ့ပါသည်။ MSR သည် ၁၉၈၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံတွင် စစ်တမ်းများကောက်ယူလာခဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

# အစီရင်ခံစာ အနှစ်ချုပ်



ဤအစီရင်ခံစာတွင် ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းမှ တွေ့ရှိချက်များကို တင်ပြထားပြီး ထိုစစ်တမ်းသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်အာဏာသိမ်းခဲ့ပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပထမဆုံးအကြိမ် ဆောင်ရွက်ခဲ့သည့် အိမ်ထောင်စုစစ်တမ်း ဖြစ်ပါသည်။ စစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် အဖြစ်အပျက်များသည် အခြေမခိုင်သေးသည့် နိုင်ငံအား ယိမ်းယိုင်သွားစေခဲ့ပြီး နဂိုရှိရင်းစွဲ ထိခိုက်လွယ်မှုများအား ပိုမိုဆိုးရွားစေခဲ့ကြောင်း အထင်အရှားတွေ့မြင်ရပါသည်။ မကြာမီက UNDP မှ လုပ်ဆောင်ခဲ့သော သုတေသနတွေ့ရှိချက်များအရ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းသည် များစွာမြင့်မားလာဖွယ် ရှိကြောင်း ညွှန်ပြလျက်ရှိပါသည်။[၁] UNDP သည် သတင်းအချက်အလက်များ လိုအပ်မှုကွက်လပ်ကို တစ်ဖက်တစ်လမ်း ပါဝင်ဖြည့်ဆည်းပေးနိုင်ရန်နှင့် အိမ်ထောင်စုများအပေါ် မည်သို့သက်ရောက်မှုရှိနေကြောင်းကို နားလည်သိရှိနိုင်ရန် ရည်ရွယ်လျက် ဤပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းကို ၂၀၂၁ ခုနှစ်၊ မေလနှင့် ဇွန်လအတွင်းတွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဖြေဆိုသူပေါင်း ၁,၂၀၀ အား ဆက်သွယ်မေးမြန်းထားပါသည်။

ဤအစီရင်ခံစာသည် ကမ္ဘာ့ဘဏ်၏ ကြိမ်နှုန်းမြင့်စစ်တမ်းများနှင့် ဗဟိုစာရင်းအင်းအဖွဲ့/ UNDP ၏ ထိခိုက်လွယ်သော အိမ်ထောင်စုများအား လေ့လာမှုစစ်တမ်း(၂၀၂၀) ကဲ့သို့ အခြားဆောင်ရွက်ခဲ့ပြီး စစ်တမ်းများပေါ်တွင်လည်း အခြေခံထားပါသည်။ အဆိုပါစစ်တမ်းနှစ်ခုစလုံးသည် ကိုဗစ်-၁၉ ကန့်သတ်ချက်များကြောင့် မြန်မာနိုင်ငံရှိ အိမ်ထောင်စုများအပေါ် သက်ရောက်မှုကို ဆန်းစစ်အကဲဖြတ်ရန် ရည်ရွယ်လုပ်ဆောင်ခဲ့သော စစ်တမ်းများ ဖြစ်ပါသည်။

ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းမှ အဓိကတွေ့ရှိချက်များအား အိမ်ထောင်စုဝင်ငွေအပေါ် သက်ရောက်မှု၊ အသုံးများသော အကျပ်အတည်း ရင်ဆိုင်ကျော်လွှားမှုနည်းလမ်းများ၊ ကျန်းမာရေး ဝန်ဆောင်မှုများအား လက်လှမ်းမီမှုဆိုင်ရာ သဘောထားယူဆချက်များ၊ အလုပ်အကိုင်ဆုံးရှုံးမှုနှင့် ရွှေ့ပြောင်းသွားလာမှုဟူ၍ အုပ်စုများခွဲကာ အောက်ပါအတိုင်း အကျဉ်းချုပ်တင်ပြလိုပါသည်။

## စစ်အာဏာသိမ်းမှု၏ အိမ်ထောင်စုဝင်ငွေအပေါ် သက်ရောက်ပုံ

- မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ လေးပုံသုံးပုံနီးပါးက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက် နေ့နောက်ပိုင်းတွင် ဝင်ငွေများ လျော့နည်းကျဆင်းသွားကြောင်း ပြောပါသည်။ ဝင်ငွေကျဆင်းသွားကြောင်း ပြောဆိုသည့် အိမ်ထောင်စုများထဲတွင် မြို့ပြနေအိမ်ထောင်စုများနှင့် (လယ်ယာနှင့်မသက်ဆိုင်သော) စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်နေသည့် အိမ်ထောင်စုများက ပိုများပါသည်။

- ဝင်ငွေကျဆင်းသွားသည်ဟုဆိုသော အိမ်ထောင်စုများသည် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလကြားနှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ မေ/ဇွန်လကြားတွင် ပျမ်းမျှအားဖြင့် လစဉ်အိမ်ထောင်စုဝင်ငွေ၏ ၂၃.၃ ရာခိုင်နှုန်း ကျဆင်းသွားခြင်း ဖြစ်သည်။ မြို့ပြနေအိမ်ထောင်စုများ၊ တိုင်းဒေသကြီးများတွင် နေထိုင်သော အိမ်ထောင်စုများနှင့် ပဋိပက္ခဖြစ်ပွားရာဒေသ အနီးအနား (ပဋိပက္ခနှင့်ဆက်နွယ်သော သေဆုံးမှု ၂၅ ခု သို့မဟုတ် ထို့ထက်ပိုများသော နေရာဒေသများမှ ၆၀ ကီလိုမီတာ အတွင်း) တွင် နေထိုင်သော အိမ်ထောင်စုများ၏ ဝင်ငွေ ကျဆင်းမှု အတိုင်းအတာသည် အကြီးမားဆုံး ဖြစ်ပါသည်။

- လယ်ယာနှင့်မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းကဏ္ဍသည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်းဖြစ်ရပ်များကြောင့် အကြီးအကျယ် ထိခိုက်ခဲ့ပါသည်။ ဝင်ငွေဆုံးရှုံးခဲ့သည်ဟု ဖြေဆိုသူများ၏ ၄၂.၂ ရာခိုင်နှုန်းသည် အဆိုပါ စီးပွားရေးလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေများ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

- ကျေးလက်နေအိမ်ထောင်စုများ၏ ၇၁.၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များနှင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ဖြစ်ရပ်များကြောင့် ၂၀၂၀ ခုနှစ် နှင့် ၂၀၂၁ ခုနှစ်ကြားတွင် ဝင်ငွေကျဆင်းမှုနှင့် ကြုံတွေ့ရသည်ဟု ဆိုပါသည်။ ဖြေဆိုသူဆယ်ဦးတွင် တစ်ဦးနီးပါးက လက်ရှိအချိန်တွင် ၎င်းတို့အိမ်ထောင်စုသည် မည်သည့်ရင်းမြစ်ကမျှ ဝင်ငွေရရှိနေခြင်းမရှိဟုဆိုပါသည်။

၁ https://www.asia-pacific.undp.org/content/rbap/en/home/library/democratic_governance/covid-19-coup-d-etat-and-poverty-impact-on-myanmar.html

- လူများ၏ ပြောကြားချက်များအရ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် အလွတ်သဘော ငွေတိုးချေးသည့်လုပ်ငန်းအချို့ ပေါ်ပေါက်လာသည်ဟု သိရပါသည်။ ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းအရ အိမ်ထောင်စုများ၏ ၃.၄ ရာခိုင်နှုန်းသည် လက်ရှိအချိန်တွင် ၎င်းတို့ ထုတ်ချေးပေးထားသော ငွေများမှ အတိုးများကို ဝင်ငွေအဖြစ်ရရှိနေသည်ဟု ဆိုပါသည်။

- အိမ်ထောင်စုများ၏ နှစ်ရာခိုင်နှုန်းနီးပါး (အိမ်ထောင်စု ၂၂၀,၀၀၀ ခန့်) က ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများထံမှ ငွေသား သို့မဟုတ် ပစ္စည်းထောက်ပံ့မှုများ လက်ခံရရှိခဲ့သည်ဟု ဆိုပါသည်။

- ၂၀၁၇ ခုနှစ်တွင် အိမ်ထောင်စုများ၏ ၁၉.၅ ရာခိုင်နှုန်းသည် နိုင်ငံရပ်ခြားမှ လွှဲပို့ငွေများကို လက်ခံရရှိခဲ့သော်လည်း ယခုအခါ လွှဲပို့ငွေများရရှိသည့် အိမ်ထောင်စုများသည် ၂.၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားပြီ ဖြစ်သည်။

- ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းတွင် ပါဝင်ဖြေဆိုခဲ့ကြသည့် အိမ်ထောင်စုများသည် ဝင်ငွေရရှိနိုင်သည့် ရင်းမြစ်များမှာ လျော့နည်းသွားသည့် အခြေအနေကို ရင်ဆိုင်နေကြရပါသည်။ ၂၀၁၇ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်ကြားဝင်ငွေရရှိသော ရင်းမြစ်များအရေအတွက်ကို နှိုင်းယှဉ်လေ့လာကြည့်သောအခါ ၂၀၂၁ ခုနှစ်တွင် အိမ်ထောင်စုများ၏ ဝင်ငွေရလမ်းများ ပိုမိုနည်းပါးသွားသည်ကို တွေ့ရှိရခြင်းဖြစ်သည်။ ထူးခြားသိသာသည့်အချက်မှာ ပဋိပက္ခဖြစ်ပွားရာ အနီးအနားတွင် နေထိုင်သောအိမ်ထောင်စုများနှင့် ကလေးရှိသောအိမ်ထောင်စုများတွင် ဝင်ငွေဖန်တီးနိုင်သောနည်းလမ်းများ ပိုမိုနည်းပါး နေခြင်းဖြစ်သည်။

> ဖြေဆိုသူများ၏ လေးပုံသုံးပုံက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်နေ့နောက်ပိုင်း အဖြစ်အပျက်များသည် ကိုဗစ်-၁၉ ကပ်ရောဂါထက် ၎င်းတို့၏ အိမ်ထောင်စု ဝင်ငွေအပေါ် ပိုမိုကြီးမားစွာ သက်ရောက်မှုရှိခဲ့သည်ဟု ဆိုပါသည်။ ပဋိပက္ခဖြစ်ပွားရာအနီးအနားတွင် နေထိုင်သည်ဖြစ်စေ၊ မနေထိုင်သည်ဖြစ်စေ ပြည်နယ်/တိုင်းဒေသကြီးများအားလုံးနှင့် မြို့ပြ/ကျေးလက်ဒေသနှစ်မျိုးစလုံးမှ ဖြေဆိုသူများကြား ထိုသို့ရှုမြင်ပုံမှာ တစ်သမတ်တည်း တူညီနေကြောင်း တွေ့ရှိရပါသည်။

## အိမ်ထောင်စုဝင်ငွေ လျော့နည်းသွားခြင်းကြောင့် အစားလျှော့စားခြင်း

- လွန်ခဲ့သည့်ဆယ်လတာကာလအတွင်း အစားလျှော့စားသည့်အိမ်ထောင်စုများ တိုးပွားလာသည်ကို စိတ်မကောင်းဖွယ်ရာ အထင်အရှား တွေ့မြင်ရပါသည်။

> မြို့ပြဒေသနေ အိမ်ထောင်စုများနှင့် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များ စတင်ခဲ့ပြီးနောက်ပိုင်း အလုပ်အကိုင်ဆုံးရှုံးသွားသူ/ ကိုယ်ပိုင်အလုပ်ကို ရပ်ဆိုင်းလိုက်ရသူရှိသော အိမ်ထောင်စုများတွင် အစားလျှော့စားခြင်းကို ပိုမိုတွေ့ရှိရပါသည်။

- ကျေးလက်နေအိမ်ထောင်စုများ၏ ဆယ်ပုံတစ်ပုံကျော်သည် နောက်ပိုင်းတွင် စားသုံးရန် သိုလှောင်ထားသော အစားအစာ များကို ထုတ်ယူစားသုံးခဲ့ရပါသည်။

# ဝင်ငွေလျော့နည်းမှုအား ရင်ဆိုင်ကျော်လွှားပုံနည်းလမ်းများ

- ဝင်ငွေကျဆင်းသွားခြင်းကို ရင်ဆိုင်ကျော်လွှားရန် အဓိကလုပ်ဆောင်သည့် နည်းလမ်းမှာ အစားအသောက်မဟုတ်သော ပစ္စည်းများ (non-food items) သုံးစွဲမှုလျှော့ချခြင်းဖြစ်သည် (၆၈.၁ ရာခိုင်နှုန်း)။
- ကမ္ဘာ့ဘဏ်၏ ကြိမ်နှုန်းမြင့်စစ်တမ်းများမှရရှိသော အချက်အလက်များအရ အစားအသောက်မဟုတ်သော ပစ္စည်းများ သုံးစွဲမှုအားလျှော့ချသည့် အိမ်ထောင်စုရာခိုင်နှုန်းသည် ၂၀၂၀ ခုနှစ်၊ မေလတွင် ၅၂.၀ ရာခိုင်နှုန်း ရှိခဲ့ရာမှ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှု လျော့ကျလာသည့် ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် ၃၀.၀ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်ကိုတွေ့ရပါသည်။ ဤရာခိုင်နှုန်းသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်းမှစ၍ ယခုအခါ ၆၈.၁ ရာခိုင်နှုန်းသို့ ပြန်လည်မြင့်တက်သွားကြောင်း ပြည်သူ့အခြေခံလိုအပ်ချက် စစ်တမ်းတွင် တွေ့ရှိရပါသည်။
- အစားအသောက်မဟုတ်သော ပစ္စည်းများသုံးစွဲမှုလျှော့ချခြင်းသည် ပဋိပက္ခဖြစ်ပွားရာ အနီးအနားတွင် နေထိုင်သော မိသားစုများ၏ ၇၆.၂ ရာခိုင်နှုန်းအတွက် ဝင်ငွေလျော့နည်းမှုကို ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းတစ်ခု ဖြစ်ခဲ့ပါသည်။
- အိမ်ထောင်စုများ၏ ၂၈.၈ ရာခိုင်နှုန်းက ဝင်ငွေလျော့နည်းသွားခြင်းကို ကာမိစေရန် စုဆောင်းငွေများ ထုတ်သုံးသည်ဟု ဆိုပါသည်။ ထိုရာခိုင်နှုန်းသည် မြို့ပြဒေသများတွင် ပိုမိုမြင့်မားပြီး ၃၂.၅ ရာခိုင်နှုန်း ရှိပါသည်။
- ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်းမှစ၍ စုဆောင်းငွေများကို ထုတ်သုံးခဲ့သည်ဟု ဖြေဆိုသူများ၏ ငါးပုံနှစ်ပုံ (၃၈.၇ ရာခိုင်နှုန်း) က ၎င်းတို့တွင် စုဆောင်းထားသော ငွေများမကျန်တော့ဟုဆိုပါသည်။ ဤရာခိုင်နှုန်းသည် မြို့ပြဒေသများ (၄၆.၉ ရာခိုင်နှုန်း) တွင် ကျေးလက်ဒေသများ (၃၄.၃ ရာခိုင်နှုန်း) မှာထက် သိသိသာသာ ပိုမိုမြင့်မားပါသည်။
- နေထိုင်မှုစရိတ်များ ကာမိစေရန်အတွက် ဘဏ်တစ်ခုမှ ချေးငွေရယူသည့် နည်းလမ်းအား အသုံးပြုမှုသည် တဖြည်းဖြည်း လျော့နည်းလာသည်ကို တွေ့ရပါသည်။ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် အိမ်ထောင်စုများ၏ ၃၉.၀ ရာခိုင်နှုန်းသည် ဘဏ်မှ ချေးငွေရယူခဲ့ကြပြီး ၂၀၂၁ ခုနှစ်၊ မေ/ဇွန်လတွင် ၂၉.၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ပါသည်။
- လူများသည် နေထိုင်မှုစရိတ်များကို ကာမိစေရန် ပိုင်ဆိုင်သည့်ပစ္စည်းများကို ထုတ်ရောင်းနေရမှုများ တိုးပွားလာပါသည်။ ၂၀၂၀ ခုနှစ်၊ မေလတွင် ပိုင်ဆိုင်ပစ္စည်းများထုတ်ရောင်းသည့် အိမ်ထောင်စုများသည် ၁၀.၅ ရာခိုင်နှုန်း ရှိပြီး ၁၂ လကြာမြင့်ပြီးသည့်နောက်တွင်မူ ၂၆.၅ ရာခိုင်နှုန်း ဖြစ်လာပါသည်။
- ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ နေထိုင်မှုစရိတ်များအတွက် ရွှေ သို့မဟုတ် လက်ဝတ်ရတနာများကို ထုတ်ရောင်းခဲ့သော အိမ်ထောင်စုသည် ၆၈.၁ ရာခိုင်နှုန်းရှိပြီး ကျေးလက်နေအိမ်ထောင်စုများ၏ သုံးပုံတစ်ပုံသည် မွေးမြူရေးတိရစ္ဆာန်များကို ရောင်းချခဲ့ကာ မြို့ပြနေအိမ်ထောင်စုများ၏ ၂၇.၀ ရာခိုင်နှုန်းသည် မော်တော်ဆိုင်ကယ်ကို ရောင်းချခဲ့ပါသည်။




၂၀၁၇ ခုနှစ်၊ မေလ၊ သူမ၏ ရွှေကို ရောင်းချပြီး ရရှိသည့် ငွေအား ရေတွက်နေသည့် အမျိုးသမီးတစ်ဦး၊ © M.O



၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ရန်ကုန်မြို့တွင် အကြီးမားဆုံးသော ဟိုတယ်နှင့် ဈေးဝယ်စင်တာကြီးတစ်ခု ဖြစ်လာမည့်နေရာမှ ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုတွင် အလုပ်များရပ်နားသွားပြီးနောက် ထိုနေရာဘေးမှ ဖြတ်သန်းသွားလာနေကြသော ပြည်သူများ၊ ©M.O

## အလုပ်အကိုင်ဆုံးရှုံးမှု သို့မဟုတ် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ရပ်နားသွားမှု

- ဖြေဆိုသူများ၏ ၂၄.၀ ရာခိုင်နှုန်းက ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များ စတင်ပြီးနောက်ပိုင်း အလုပ်အကိုင် ဆုံးရှုံးခဲ့ရကြောင်း သို့မဟုတ် လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းကို ရပ်နားခဲ့ရကြောင်း ဆိုပါသည်။

- အိမ်ထောင်စုများအတွင်း အမြဲတမ်း သို့မဟုတ် ယာယီအလုပ်ဆုံးရှုံးမှုများ၏ ငါးပုံသုံးပုံ နီးပါး (၅၇.၃ ရာခိုင်နှုန်း) သည် အမျိုးသားများ ကြုံတွေ့ရခြင်းဖြစ်ပြီး ၂၉.၄ ရာခိုင်နှုန်းသည် အမျိုးသမီးများ ကြုံတွေ့ရခြင်းဖြစ်သည်။ အလုပ်အကိုင် ဆုံးရှုံးခဲ့ရသည့် အမျိုးသားနှင့် အမျိုးသမီး အရေအတွက်တူညီသော အိမ်ထောင်စုများသည် ၁၃.၃ ရာခိုင်နှုန်း ရှိပါသည်။

- ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ စီးပွားရေးလုပ်ငန်းများ ရပ်တန့်သွားမှုကို ကြည့်လျှင် အများစု (၃၅.၈ ရာခိုင်နှုန်း) သည် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ကြသူများ ကြုံတွေ့ရသည့် ဆုံးရှုံးမှုတစ်ခု ဖြစ်ပါသည်။

- ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်း ဖြေဆိုသူများ၏ ၂၈.၈ ရာခိုင်နှုန်းက ၎င်းတို့၏ အိမ်ထောင်စုတွင် တစ်စုံတစ်ဦးသည် ဝန်ထမ်းအလုပ်ကို အပြီးတိုင်ဆုံးရှုံးခဲ့ရသည်ဟု ဖြေဆိုပါသည်။

- ဆောက်လုပ်ရေးကဏ္ဍသည် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကြောင့် ထိခိုက်မှုကြီးမားခဲ့သည့် ကဏ္ဍ တစ်ခု ဖြစ်နေသဖြင့် ဤကဏ္ဍအား သီးခြားဆန်းစစ်လေ့လာခဲ့ပါသည်။ ထိုအခါ ဆောက်လုပ်ရေးကဏ္ဍမှ ကျွမ်းကျင် လုပ်သားအဖြစ် လုပ်ကိုင်နေသော အလုပ်အကိုင်တစ်ခုကို အပြီးတိုင်ဆုံးရှုံးခဲ့သူတစ်ဦးရှိနေသည့်အိမ်ထောင်စုသည် ၁၆.၃ ရာခိုင်နှုန်းရှိကြောင်း တွေ့ရပါသည်။

## ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှုနှင့်စပ်လျဉ်းသည့် သဘောထားခံယူချက်များ

- ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ဖြေဆိုသူများ၏ ၂၆.၉ ရာခိုင်နှုန်းက ကျန်းမာရေးစောင့်ရှောက်မှုများရရှိရန် ယခင်ကထက် ပိုမိုခက်ခဲသည်ဟု ဆိုပါသည်။ ၂၀၂၁ ခုနှစ် မေ/ဇွန်လတွင် ထိုရာခိုင်နှုန်းသည် ၆၀.၆ ရာခိုင်နှုန်းအထိ နှစ်ဆကျော်တိုးမြင့်သွားပါသည်။ ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းမှ အရည်အသွေးစံပြုအချက်အလက်များအရ ကျန်းမာရေးစောင့်ရှောက်မှုအား လက်လှမ်းမီရရှိနိုင်မှု အကန့်အသတ်ဖြစ်ရခြင်း အကြောင်းရင်းတစ်ခုမှာ ကိုဗစ်-၁၉ ရောဂါကြောင့်လည်းကောင်း၊ စစ်အာဏာသိမ်းမှုနှင့် ဆက်နွယ်သောအကြောင်းများကြောင့်လည်းကောင်း လူများသည် ကျန်းမာရေးဌာနများသို့ ရောက်ရှိရန် ခရီးသွားရမည်ကို ကြောက်ရွံ့ခြင်းကြောင့်ဖြစ်သည်။
- ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မတိုင်မီကထက် ယခုအခါ ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိရန် ပိုမိုခက်ခဲလာသည်ဟုဆိုသော အိမ်ထောင်စုရာခိုင်နှုန်း မြင့်တက်လာမှုအား မြို့ပြဒေသမှ အိမ်ထောင်စုများတွင် အများဆုံး (၂၀၂၀ ခုနှစ်တွင် ၁၉.၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၅၈.၄ ရာခိုင်နှုန်းသို့ မြင့်တက်လာ) တွေ့ရပါသည်။ သို့သော် ကျန်းမာရေးဝန်ဆောင်မှုများရရှိရန် ပို၍ ခက်ခဲ လာသည်ဟု ဖြေဆိုသည့် စုစုပေါင်း အိမ်ထောင်စုရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် ပိုများပါသည် (၆၁.၆ ရာခိုင်နှုန်း)။

## ပြည်တွင်း ပြည်ပ ရွှေ့ပြောင်းသွားလာခြင်း

- ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်းတွင် ပြည်သူ့အခြေခံလိုအပ်ချက် စစ်တမ်းဖြေဆိုသူများ၏ ၃ ရာခိုင်နှုန်းခန့်သည် ရွှေ့ပြောင်းသွားလာမှုများ ပြုခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း (၁၁) သန်းခန့်ရှိသည်ဖြစ်ရာ အိမ်ထောင်စုပေါင်း ၃၀၀,၀၀၀ ခန့်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်းတွင် ရွှေ့ပြောင်းသွားလာခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။
- ဖြေဆိုသူများ၏ ရာခိုင်နှုန်းအနည်းငယ်က ၎င်းတို့၏ အိမ်ထောင်စုတွင် နောင်လာမည့် (၁၂)လအတွင်း နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းသွားရောက်ရန် စီစဉ်နေသူရှိကြောင်း ပြောပါသည်။
- အထက်ဖော်ပြပါ ရာခိုင်နှုန်းအနည်းငယ်မျှသော နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းသွားရောက်နိုင်ခြေရှိသူများနှင့် စပ်လျဉ်း၍ ထပ်မံလေ့လာသောအခါ ထိုသို့ အစီအစဉ်ရှိသူများ၏ ထက်ဝက်ကျော် (၅၄.၉ ရာခိုင်နှုန်း)သည် လိုအပ်သည့်ပြင်ဆင်မှုများကို စတင်ပြုလုပ်နေကြပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။
- နိုင်ငံရပ်ခြားသို့ သွားရောက်ရန် ရည်မှန်းမှု အများဆုံးနိုင်ငံသုံးခုမှာ ဂျပန်၊ ထိုင်းနှင့် စင်္ကာပူနိုင်ငံတို့ ဖြစ်ပါသည်။



၂၀၂၁ ခုနှစ်၊ မတ်လ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လူသူကင်းမဲ့လျက်ရှိသော အငှားယာဉ်များ၊ ကားများ ခရီးသည်အတင်အချ ပြုလုပ်ရာနေရာ၊ ©M.O


# စစ်တမ်းကောက်ယူရာတွင် အသုံးပြုသည့်နည်းစနစ်



*ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်း(၂၀၂၁)* သည် ၂၀၂၁ ခုနှစ်၊ မေလနှင့် ဇွန်လများအတွင်း **ဖြေဆိုသူပေါင်း ၁,၂၀၀** အား တယ်လီဖုန်းဖြင့် တွေ့ဆုံမေးမြန်းခဲ့သည့် စစ်တမ်းတစ်ခုဖြစ်သည်။ ဤစစ်တမ်းသည် ပြည်ထောင်စုအဆင့်၊ ပြည်နယ်များအားလုံး၊ တိုင်းဒေသကြီးများအားလုံးအပြင် မြို့ပြဒေသများနှင့် ကျေးလက်ဒေသများကို ကိုယ်စားပြုသောစစ်တမ်းလည်း ဖြစ်သည်။ စစ်တမ်းဖြေဆိုမှုနှုန်းသည် **၄၇.၁ ရာခိုင်နှုန်း** ဖြစ်ပါသည်။ ဆက်သွယ်မေးမြန်းမှုများ၏ ထက်ဝက်ကျော်သည် အမျိုးသမီးများ (အမျိုးသမီး ၅၄.၃ ရာခိုင်နှုန်းနှင့် အမျိုးသား ၄၅.၇ ရာခိုင်နှုန်း) ကို မေးမြန်းခဲ့ခြင်း ဖြစ်ပါသည်။ မေးမြန်းသူများက အိမ်ထောင်စု၏ ငွေရေးကြေးရေးကိစ္စများအကြောင်း နားလည်သိရှိမှု အရှိဆုံးလူနှင့် စကားပြောခွင့်ရရန် ပန်ကြားခဲ့ပါသည်။[၂] မေးခွန်းများအားလုံးတွင် ဖြေဆိုသူအား အိမ်ထောင်စု၏ အခြေအနေအကြောင်း မေးမြန်းထားပြီး ဖြေဆိုသူများက အိမ်ထောင်စုတစ်ခုလုံးကို ကိုယ်စားပြု၍ ဖြေဆိုပေးခဲ့ကြပါသည်။


## ဇယား – ၁ ဆက်သွယ်မေးမြန်းခဲ့သည့် ဖြေဆိုသူအရေအတွက်

| အိမ်ထောင်စုအမျိုးအစားအုပ်စု | ဆက်သွယ်မေးမြန်းမှုအရေအတွက် |
|---|---|
| ပြည်ထောင်စု | ၁,၂၀၀ |
| ပြည်နယ် | ၃၁၁ |
| တိုင်းဒေသကြီး | ၈၈၉ |
| မြို့ပြ | ၃၈၀ |
| ကျေးလက် | ၈၂၀ |
| ပဋိပက္ခဖြစ်ပွားရာအနီးအနားတွင် နေထိုင်သူအိမ်ထောင်စု | ၄၅၀ |
| ပဋိပက္ခဖြစ်ပွားရာအနီးအနားတွင် နေထိုင်ခြင်းမဟုတ်သောအိမ်ထောင်စု | ၇၅၀ |
| ကလေးမရှိသော အိမ်ထောင်စု | ၃၇၀ |
| ကလေးရှိသော အိမ်ထောင်စု (၀–၁၇ နှစ်) | ၈၃၀ |
| အမျိုးသားမှ ဦးဆောင်၍ ဝင်ငွေရှာသောအိမ်ထောင်စု | ၉၃၅ |
| အမျိုးသမီးမှ ဦးဆောင်၍ ဝင်ငွေရှာသောအိမ်ထောင်စု | ၂၆၅ |




၂ မြန်မာ DHS စစ်တမ်း ၂၀၁၅ တွင် အမျိုးသမီးများ၏ ၉၂ ရာခိုင်နှုန်းသည် ၎င်းတို့၏ ကိုယ်ပိုင်ဝင်ငွေများအား စီမံ သုံးစွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ပါဝင်ဆုံးဖြတ်ကြပြီး ၈၃ ရာခိုင်နှုန်းသည် အိမ်ထောင်စုရှိ ငွေကြေးပမာဏ ကြီးမားသော ဝယ်ယူမှုများဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ပါဝင်ဆုံးဖြတ်ကြကြောင်း တွေ့ရှိခဲ့ပါသည်။

## မြေပုံ – ၁ မြန်မာနိုင်ငံ၏ ပြည်နယ်များနှင့် တိုင်းဒေသကြီးများ





စာရင်းအင်းဆိုင်ရာ ဆန်းစစ်လေ့လာမှုပြုရာတွင် လွယ်ကူစေရန်အတွက် နေပြည်တော်အား တိုင်းဒေသကြီးအဖြစ် သတ်မှတ်ဆန်းစစ်ပါသည်။

တိုင်းဒေသကြီးများနှင့် ပြည်နယ်များကြား အဓိကကွာခြားချက်မှာ တိုင်းဒေသကြီးများတွင် နေထိုင်သူအများစုသည် ဗမာလူမျိုးများဖြစ်ကြပြီး ပြည်နယ်များတွင် တိုင်းရင်းသားလူနည်းစုများ အများဆုံးနေထိုင်ကြပါသည်။

မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ လေးပုံသုံးပုံနီးပါး (၇၄ ရာခိုင်နှုန်း)သည် တိုင်းဒေသကြီးများတွင် နေထိုင်ကြပြီး ၂၆ ရာခိုင်နှုန်းသည် ပြည်နယ်များတွင် နေထိုင်ကြပါသည်။[၃]

***ပြည်သူ့အခြေခံလိုအပ်ချက် စစ်တမ်းအချက်အလက်များ***ကို ဆန်းစစ်ကာ **ပဋိပက္ခဖြစ်ပွားရာ အနီးအနားတွင်နေထိုင်သောအိမ်ထောင်စုများ**နှင့် မနေထိုင်သော အိမ်ထောင်စုများကြား ကွာခြားချက်များကို လေ့လာခဲ့ပါသည်။ ဤနေရာတွင် အသုံးပြုသည့် ပဋိပက္ခဖြစ်ပွားရာ အနီးအနားရှိနေရာ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်[၄] သည် ၂၀၂၀ပြည့်နှစ် ကမ္ဘာ့ဘဏ်အစီရင်ခံစာ[၅] မှ ဖွင့်ဆိုချက်ဖြစ်ပြီး **ပဋိပက္ခနှင့်ဆက်နွယ်သည့် သေဆုံးမှု ၂၅ ခု သို့မဟုတ် ထို့ထက်ပိုသောနေရာဒေသများမှ ၆၀ ကီလိုမီတာအတွင်းတွင် ရှိသောနေရာများ**ကို ဆိုလိုပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ဇွန်လ (၂၆) ရက်နေ့ (ပြည်သူ့အခြေခံလိုအပ်ချက် စစ်တမ်းအတွက် အချက်အလက်ကောက်ယူမှုများပြီးဆုံးသည့်နေ့)အထိ ပဋိပက္ခနှင့် ဆက်နွယ်၍ သေဆုံးမှုများ အရေအတွက်အား နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ အချက်အလက်များကို ရည်ညွှန်းကိုးကား၍ ရယူပါသည်။[၆]

## မြေပုံ – ၂ ပြည်သူ့အခြေခံလိုအပ်ချက် စစ်တမ်းနမူနာအုပ်စုတွင် ပါဝင်သည့် မြို့နယ်များထဲမှ ပဋိပက္ခဖြစ်ပွားရာအနီးအနားတွင် တည်ရှိသော မြို့နယ်များ




ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ဇွန်လ (၂၆) ရက်နေ့ကြား သေဆုံးမှုအရေအတွက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း၏ ကိန်းဂဏန်းများအား ဆန်းစစ်ချက်များပေါ်တွင် အခြေခံပါသည်။

---

၃ ၂၀၁၄ လူဦးရေသန်းခေါင်စာရင်းပေါ်တွင် အခြေခံသည်။

၄ အချက်အလက်များထဲတွင် အိမ်ထောင်စုများအားလုံးအတွက် မြို့နယ် GIS Place Code များ ပါဝင်သဖြင့် နောက်ပိုင်းတွင် ဆန်းစစ်လေ့လာမှုပြုကြမည့် ပညာရှင်များအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်အဓိပ္ပါယ်ဖွင့်ဆိုချက်များကို အသုံးပြုနိုင်ပါသည်။

၅ https://www.worldbank.org/en/topic/poverty/publication/fragility-conflict-on-the-front-lines-fight-against-poverty


၆ https://aappb.org/

နမူနာအုပ်စုတွင် ပါဝင်သော မြို့နယ်ပေါင်း ၁၉၂ မြို့နယ်အနက် စုစုပေါင်း ၇၂ မြို့နယ် (၃၇.၅ ရာခိုင်နှုန်း) သည် ပဋိပက္ခဖြစ်ပွားရာနှင့် အနီးအနားတွင် တည်ရှိသောမြို့နယ်များ ဖြစ်ပါသည် (မြေပုံ-၂)။

ဤအစီရင်ခံစာတွင် တင်ပြထားသောရလဒ်များတွင် *ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းမှ* အချက်အလက်များအား ရှေ့ယခင်က ဆောင်ရွက်ခဲ့သော စစ်တမ်းသုံးခုနှင့် နှိုင်းယှဉ်ထားသော ရလဒ်များ ပါရှိပါသည်။

| မြန်မာတစ်နိုင်ငံလုံးကို လွှမ်းခြုံသော အိမ်ထောင်စုစစ်တမ်းများ | အချက်အလက် ကောက်ယူခဲ့သည့် ကာလ | နမူနာအုပ်စု အရွယ်အစား | ဆောင်ရွက်သည့် အဖွဲ့အစည်း |
|---|---|---|---|
| ၁။ မြန်မာနေထိုင်မှု အခြေအနေ စစ်တမ်း | ၂၀၁၆ ဒီဇင်ဘာမှ ၂၀၁၇ ဒီဇင်ဘာအထိ (စဉ်ဆက်မပြတ်) | ၁၃,၇၃၀ | ဗဟိုစာရင်းအင်းအဖွဲ့/ UNDP နှင့် ကမ္ဘာ့ဘဏ် |
| ၂။ ကြိမ်နှုန်းမြင့် အိမ်ထောင်စု စစ်တမ်းများ | ၂၀၂၀ မေ၊ ဇွန်၊ ဩဂုတ်၊ အောက်တိုဘာ (လေးကြိမ်) | တစ်ကြိမ်လျှင် ၁,၀၀၀ ခန့် | ကမ္ဘာ့ဘဏ်/ ဗဟိုစာရင်း အင်းအဖွဲ့ |
| ၃။ ထိခိုက်လွယ်သော အိမ်ထောင်စု များအား လေ့လာမှုစစ်တမ်း | ၂၀၂၀ အောက်တိုဘာ | ၂,၀၁၆ | ဗဟိုစာရင်းအင်းအဖွဲ့/ UNDP |

**ပုံ – ၁ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားစဉ်နှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ဖြစ်ရပ်များအတွင်း ဆောင်ရွက်ခဲ့သော အိမ်ထောင်စုစစ်တမ်းများ၏ အချိန်ကာလပြမျဉ်း**




ဤအစီရင်ခံစာ ထုတ်ပြန်သည့်အချိန်အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ လှိုင်းသုံးလှိုင်း ဖြစ်ပွားခဲ့ပြီး ဖြစ်ပါသည်။

(၁) ၂၀၂၀ ခုနှစ်၊ မတ်လမှ ဇူလိုင်လအထိ – ကူးစက်ခံရသူအရေအတွက်နှင့် သေဆုံးသူ အရေအတွက် အလွန်နည်း
(၂) ၂၀၂၀ ခုနှစ်၊ ဩဂုတ်လမှ ၂၀၂၁ ခုနှစ် မတ်လအထိ
(၃) ၂၀၂၁ ခုနှစ်၊ ဇွန်လနှောင်းပိုင်းမှ ယနေ့အထိ

မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်း ပါဝင်ဖြေဆိုပေးသူများသည် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကို ခံစားခဲ့ကြရပါသည်။

**ရှမ်းပြည်နယ်မှ အမျိုးသား၊ ၄၅ နှစ်**
*“နိုင်ငံရေးအခြေအနေနဲ့ ကိုဗစ်ရောဂါကြောင့် ကျွန်တော် ဈေးကို မသွားရဲဘူးဗျ။”*

**ဧရာဝတီတိုင်းဒေသကြီးမှ အမျိုးသား၊ ၃၇ နှစ်**
*“ခုလောလောဆယ်ကတော့ ကျွန်တော်တို့ အတွက် ခက်ခဲတဲ့ အခြေအနေပါ။ ကိုဗစ်–၁၉ နဲ့ နိုင်ငံရေးအခြေအနေကြောင့် ကျွန်တော်တို့ရဲ့ အလုပ်အကိုင်တွေ ဆုံးရှုံးရပြီး စိတ်ပူပန်စရာတွေ ရှိနေပါတယ်။”*

**မန္တလေးတိုင်းဒေသကြီးမှ အမျိုးသမီး၊ ၃၂ နှစ်**
*“ကိုဗစ်–၁၉ နဲ့ နိုင်ငံရေးအခြေအနေကြောင့် ကျွန်မမှာ အလုပ်နားရတဲ့ ရက်တွေက အရင်ကထက် ပိုများလာတယ်။”*


**ရခိုင်ပြည်နယ်မှ အမျိုးသား၊ ၂၄ နှစ်** *“ကျွန်တော်တို့ ရင်ဆိုင်ရတဲ့ ပြဿနာတွေထဲမှာ ဝန်ထမ်းတွေ အလုပ်ပြုတ်တာ၊ ကိုဗစ်စင်တာတွေမှာ ဆရာဝန်တွေနဲ့ ဆေးဝါးတွေ မရှိတာ၊ လူငယ်တွေအတွက် သင်တန်းတွေ မရှိတာနဲ့ တစ်နိုင်ငံလုံး ပိတ်ထားရတာတွေ ပါပါတယ်။”*

**မန္တလေးတိုင်းဒေသကြီးမှ အမျိုးသမီး၊ ၃၆ နှစ်** *“နယ်ဘက်တွေကို သွားတဲ့အခါ ကိုဗစ်ရောဂါကြောင့် လူတစ်ယောက်အတွက် ထိုင်ခုံနှစ်ခုံဝယ်ရပါတယ်။ ကားခက ဈေးကြီးသွားတော့ သွားရလာရတာ အဆင်မပြေပါဘူး။”*

**မွန်ပြည်နယ်မှ အမျိုးသမီး၊ ၅၂ နှစ်** *“လက်ရှိနိုင်ငံရေးအခြေအနေနဲ့ ကိုဗစ်ရောဂါ ပြန်ဖြစ်လာတာတွေကြောင့် ဝယ်သူတွေ မရှိတော့ ပိုက်ဆံရှာရတာ ခက်ခဲတယ်။ သွားရေးလာရေးလည်း ခက်ခဲပါတယ်။”*

**လက်ရှိအခြေအနေတွင် ဖုန်းဖြင့် ကောက်ယူသောစစ်တမ်းများ၌ ကြုံတွေ့ရသည့် အကန့်အသတ်များ** – ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခြင်းကြောင့် လူမှုအဖွဲ့အစည်းအတွင်းရှိ အဆင်းရဲဆုံးသောသူများနှင့် ဖုန်းလိုင်းချိတ်ဆက်မှု အားနည်းသော သို့မဟုတ် မရှိသောနေရာများတွင် နေထိုင်သူများ ပါဝင်ခြင်းမရှိဘဲ ကျန်ခဲ့နိုင်ခြေ ရှိပါသည်။ ၂၀၁၇ ခုနှစ်မှ အချက်အလက်များအရ (ပုံ–၂) ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများသည် မိုဘိုင်းဖုန်းတစ်လုံး ပိုင်ဆိုင်နိုင်ခြေ ပိုနည်းသည်ကို တွေ့နိုင်ပါသည်။

**ပုံ – ၂ အနည်းဆုံးမိုဘိုင်းဖုန်းတစ်လုံးပိုင်ဆိုင်သော အိမ်ထောင်စုများ[7]၊ ဆင်းရဲနွမ်းပါးမှု အဆင့်အလိုက် (ရာခိုင်နှုန်းဖြင့်) ဖော်ပြထားခြင်း၊**





မကြာမီက ဆောင်ရွက်ခဲ့သော ထိခိုက်လွယ်သော အိမ်ထောင်စုများအား လေ့လာမှုစစ်တမ်း ၂၀၂၀ တွင် ဗဟိုစာရင်းအင်းအဖွဲ့သည် အဆင်းရဲဆုံး၊ အနွမ်းပါးဆုံးသူများ၏ အသံများကို ကြားနိုင်ရန်အတွက် လုပ်ရိုးလုပ်စဉ်မဟုတ်သည့် နည်းလမ်းများဖြင့် အထူးပင်အားထုတ်ကြိုးပမ်းခဲ့ပါသည်။ ဖုန်းမရှိသူများအတွက် ကျေးရွာလူကြီးများ၏ မိုဘိုင်းဖုန်းများမှတစ်ဆင့် စစ်တမ်းတွင် ပါဝင်ဖြေဆိုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။ လက်ရှိအခြေအနေတွင် ထိုနည်းလမ်းကို အသုံးပြုရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် ဤစစ်တမ်းမှ ရလဒ်များသည် မြန်မာနိုင်ငံရှိ အဆင်းရဲဆုံး၊ အနွမ်းပါးဆုံးသောသူများကို လွှမ်းခြုံနိုင်ခြင်းမရှိဘဲ ကျန်ကောင်းကျန်ခဲ့နိုင်ပါသည်။

---

၇ MLCS ၂၀၁၇

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံနိုင်မှုကို ကြည့်လျှင် ပြည်သူ့အခြေခံလိုအပ်ချက် စစ်တမ်းတွင် မြန်မာနိုင်ငံရှိ မြို့နယ် (၃၃၀) အနက် (၁၈၂) မြို့နယ်သို့ ဆက်သွယ်မေးမြန်းမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ (မြေပုံ-၃)

## မြေပုံ – ၃ မြို့နယ်တစ်မြို့နယ်ချင်းစီမှ ဖြေဆိုသူများထံ ဆက်သွယ်မေးမြန်းခဲ့မှု အရေအတွက်



# အခန်း (၁)

# စစ်အာဏာသိမ်းမှု၏ အိမ်ထောင်စုဝင်ငွေနှင့် အလုပ်အကိုင် ဆုံးရှုံးမှုအခြေအနေ အပေါ် သက်ရောက်မှု



ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ စီးပွားရေးစောင့်ကြည့်အစီရင်ခံစာ (Myanmar Economic Monitor) (၂၀၂၁ ခုနှစ်၊ ဇူလိုင်လ)[၈] တွင် မြန်မာ့စီးပွားရေးသည် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလမှ စတင်ပြီး ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ပြီးဆုံးမည့် ဘဏ္ဍာနှစ်အတွင်း ၁၈ ရာခိုင်နှုန်းခန့် ကျဆင်းသွားမည်ဟု ခန့်မှန်းထားပါသည်။ ၂၀၂၁ ခုနှစ်၊ ဇွန်လ အစီရင်ခံစာတစ်ခုကလည်း မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းသည် ယခုနှစ်အတွင်း ၄၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားနိုင်သည်ဟု ခန့်မှန်းထားပါသည်။[၉] "တစ်ချိန်က မြန်မာနိုင်ငံအတွက် ၂၀၂၁ ခုနှစ်အတွင်းနှင့် ကာလလတ်တွင် စီးပွားရေး တိုးတက်နိုင်မှုအလားအလာ ခန့်မှန်းချက်သည် ယခုအခါ မှေးမှိန်ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်"ဟု အစီရင်ခံစာရေးသားသူက ဖော်ပြထားပါသည်။ ထိုသို့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာ မှေးမှိန် ပျောက်ကွယ်သွားမှု၏ အိမ်ထောင်စုများအပေါ် သက်ရောက်မှုအား *ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်း*က ထင်ထင်ရှားရှား ပြသနိုင်ခဲ့ပါသည်။ **မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ လေးပုံသုံးပုံနီးပါးသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်းတွင် ဝင်ငွေများ လျော့နည်းကျဆင်းသွားကြောင်း စစ်တမ်းတွင် တွေ့ရှိခဲ့ပါသည်။**

**ရှမ်းပြည်နယ်မှ အမျိုးသမီး၊ ၂၆ နှစ်**
*"နိုင်ငံရေး မတည်ငြိမ်မှုတွေကြောင့် ခရီးသွားရတာ ခက်ခဲပြီး စီးပွားရေးကလည်း သိပ်မကောင်းပါဘူး။ သီးနှံဈေးနှုန်းတွေ ကျဆင်းတာကြောင့် စီးပွားရေး ထိခိုက်ပါတယ်။ သွင်းအားစုဈေးနှုန်းတွေ မြင့်တက်တာကြောင့်လည်း စီးပွားရေး ထိခိုက်ပါတယ်။"*

ယေဘုယျအားဖြင့် ထိုသို့ ဆိုးကျိုးသက်ရောက်မှုကို စစ်တမ်းတွင် လေ့လာခဲ့သည့် အဓိကအုပ်စုများ အားလုံးတွင် တူညီစွာ တွေ့ရှိရပါသည် (ဇယား ၁.၁)။ သို့သော် **အခြားအုပ်စုများနှင့် နှိုင်းယှဉ်လျှင် မြို့ပြဒေသမှ အိမ်ထောင်စုများနှင့် (လယ်ယာနှင့် မသက်ဆိုင်သော) စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်နေသော အိမ်ထောင်စုများသည် ဝင်ငွေကျဆင်းသွားသည်ဟု ဖြေဆိုမှုပိုများပါသည်။** လယ်ယာနှင့်မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းများဟုဆိုရာတွင် ဈေးဆိုင်ဖွင့်သူများ၊ စက်ချုပ်သူများ၊ ဆံပင်ညှပ်ဆိုင်ဖွင့်သူများ၊ လယ်ယာသုံးစက်ကိရိယာပစ္စည်း ငှားရမ်းသည့် လုပ်ငန်းများ၊ စသည်တို့ ပါဝင်ပါသည်။

ကိုဗစ်-၁၉ နှင့်စပ်လျဉ်းသော ကန့်သတ်ချက်များ စတင်ခဲ့ပြီးနောက်ပိုင်း အလုပ်အကိုင် ဆုံးရှုံးသွားသူတစ်ဦးရှိသည့် အိမ်ထောင်စုများထဲတွင် ၈၄.၃ ရာခိုင်နှုန်းက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလနောက်ပိုင်းတွင် အိမ်ထောင်စုဝင်ငွေ ကျဆင်းသွားသည်ဟု ဆိုပါသည်။ ဤသည်ကို ဇယား (၁.၁) တွင် ပြသထားပါသည်။ အုပ်စုများအားလုံးတွင် အိမ်ထောင်စုများ၏ ၇၀ ရာခိုင်နှုန်းနှင့်အထက်သည် စစ်အာဏာသိမ်းပြီးနောက်ပိုင်းမှ ဝင်ငွေကျဆင်းသွားကြောင်း ဖြေဆိုသည်ကို တွေ့ရပါသည်။



**ပဲခူးတိုင်းဒေသကြီးမှ အမျိုးသမီး၊ ၂၃ နှစ်**
*"ကျွန်မတို့က လမ်းဘေးမှာ ကွမ်းယာဆိုင် ဖွင့်ထားပါတယ်။ အရင်တုန်းကဆိုရင် ည ၉ နာရီ၊ ၁၀ နာရီအထိ ဖွင့်လို့ရတယ်။ အခုတော့ ည ၇ နာရီဆိုရင် လမ်းပေါ်မှာ လူမရှိတော့ဘူးဆိုတော့ ကျွန်မတို့လည်း ဆိုင်စောစောပိတ်ရတယ်။"*

၈ https://www.worldbank.org/en/country/myanmar/publication/myanmar-economic-monitor-july-2021-progress-threatened-resilience-tested
၉ https://www.businesstimes.com.sg/asean-business/once-a-growth-star-myanmar-gdp-could-contract-13-due-to-political-crisis-oxford


## ဇယား – ၁.၁ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်း အိမ်ထောင်စုဝင်ငွေ အပြောင်းအလဲ (ရာခိုင်နှုန်းဖြင့်)

| အိမ်ထောင်စုအမျိုးအစားအုပ်စု | တက် | ကျ | မပြောင်းလဲ | စုစုပေါင်း |
|---|---|---|---|---|
| ပြည်ထောင်စု | ၈.၃ | ၇၃.၆ | ၁၈.၁ | ၁၀၀% |
| ပြည်နယ် | ၅.၆ | ၇၅.၀ | ၁၉.၄ | ၁၀၀% |
| တိုင်းဒေသကြီး | ၉.၃ | ၇၃.၁ | ၁၇.၇ | ၁၀၀% |
| မြို့ပြ | ၄.၄ | ၇၈.၁ | ၁၇.၄ | ၁၀၀% |
| ကျေးလက် | ၁၀.၁ | ၇၁.၅ | ၁၈.၄ | ၁၀၀% |
| ပဋိပက္ခဖြစ်ပွားရာအနီးအနားတွင် နေထိုင်သော အိမ်ထောင်စု | ၇.၈ | ၇၂.၄ | ၁၉.၈ | ၁၀၀% |
| ပဋိပက္ခဖြစ်ပွားရာအနီးအနားတွင် နေထိုင်ခြင်းမဟုတ်သော အိမ်ထောင်စု | ၈.၆ | ၇၄.၃ | ၁၇.၁ | ၁၀၀% |
| အမျိုးသားမှ ဦးဆောင်၍ ဝင်ငွေရှာသော အိမ်ထောင်စု | ၈.၃ | ၇၄.၄ | ၁၇.၃ | ၁၀၀% |
| အမျိုးသမီးမှ ဦးဆောင်၍ ဝင်ငွေရှာသော အိမ်ထောင်စု | ၈.၃ | ၇၀.၆ | ၂၁.၀ | ၁၀၀% |
| ကလေးမရှိသော အိမ်ထောင်စု | ၄.၆ | ၇၂.၄ | ၂၃.၀ | ၁၀၀% |
| ကလေးရှိသော အိမ်ထောင်စု (၀–၁၇ နှစ်) | ၁၀.၁ | ၇၄.၂ | ၁၅.၇ | ၁၀၀% |
| (လယ်ယာနှင့် မသက်ဆိုင်သော) စီးပွားရေး လုပ်ငန်းတစ်ခုရှိသော အိမ်ထောင်စု | ၉.၀ | ၇၆.၅ | ၁၄.၅ | ၁၀၀% |
| (လယ်ယာနှင့် မသက်ဆိုင်သော) စီးပွားရေး လုပ်ငန်းတစ်ခု မရှိသော အိမ်ထောင်စု | ၇.၈ | ၇၁.၄ | ၂၀.၇ | ၁၀၀% |
| ကိုဗစ်-၁၉ ကန့်သတ်ချက်များ စတင်ပြီး နောက်ပိုင်း အလုပ်အကိုင်ဆုံးရှုံးခဲ့သူ ရှိသော အိမ်ထောင်စု | ၅.၈ | ၈၄.၃ | ၉.၉ | ၁၀၀% |
| ကိုဗစ်-၁၉ ကန့်သတ်ချက်များ စတင်ပြီး နောက်ပိုင်း အလုပ်အကိုင်ဆုံးရှုံးခဲ့သူ မရှိသော အိမ်ထောင်စု | ၉.၁ | ၇၀.၂ | ၂၀.၇ | ၁၀၀% |

အထက်ပါအချက်အလက်များကိုကြည့်လျှင် ၂၀၂၁၊ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်း စီးပွားရေးဆိုင်ရာ သက်ရောက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ရှိခဲ့ကြောင်း တွေ့ရှိနိုင်ပါသည်။ ပုံ (၁.၁) တွင် အိမ်ထောင်စုများ ရင်ဆိုင်ကြုံတွေ့ရသည့် ဝင်ငွေလျော့နည်းကျဆင်းသွားမှုအတိုင်းအတာကို ဖော်ပြထားပါသည်။ ဝင်ငွေကျဆင်းသွားသည်ဟုဆိုသော အိမ်ထောင်စုများ၏ **ဆုံးရှုံးသွားသော ဝင်ငွေသည်** ပျမ်းမျှအားဖြင့် **မူလဝင်ငွေ၏ ၂၃.၃ ရာခိုင်နှုန်း** ရှိပါသည်။ ဆိုလိုသည်မှာ ၂၀၂၀ ခုနှစ်တွင် ၎င်းတို့၏ လစဉ်ဝင်ငွေသည် ၁၀၀,၀၀၀ ကျပ်ရှိသည်ဆိုပါက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်းတွင် ၎င်းတို့၏ ပျမ်းမျှဝင်ငွေသည် တစ်လလျှင် ၇၆,၇၀၀ ကျပ်သာ ရှိပါတော့သည်။

မြို့ပြအိမ်ထောင်စုများနှင့် တိုင်းဒေသကြီးများမှ အိမ်ထောင်စုများတွင် ဝင်ငွေကျဆင်းမှု အတိုင်းအတာ အကြီးမားဆုံး ဖြစ်ပါသည်။ ထို့ပြင် **ပဋိပက္ခဖြစ်ပွားရာ အနီးအနားတွင် နေထိုင်သော အိမ်ထောင်စုများ၏ လစဉ်ဝင်ငွေကျဆင်းမှုသည်လည်း အခြားအုပ်စုများထက် ပိုမိုကြီးမားပါသည် (၃၀.၇ ရာခိုင်နှုန်း)။**

## ပုံ – ၁.၁ ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားစဉ်နှင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ဖြစ်ရပ်များအတွင်း ဆောင်ရွက်ခဲ့သော အိမ်ထောင်စုစစ်တမ်းများ၏ အချိန်ကာလပြမျဉ်း




ဖြေဆိုသူများ၏ ငါးပုံနှစ်ပုံကျော် **(၄၂.၂ ရာခိုင်နှုန်း) က ၎င်းတို့၏ ဝင်ငွေကျဆင်းမှုသည် အိမ်ထောင်စုစီးပွားရေးလုပ်ငန်းမှ ဝင်ငွေမရတော့သောကြောင့်**ဟုဆိုပါသည် (ပုံ ၁.၂)။ မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း(၂၀၁၇) မှ ရလဒ်များအရ လယ်ယာနှင့်မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းတစ်ခု ပိုင်ဆိုင်ခြင်းသည် အိမ်ထောင်စုများအား ဆင်းရဲနွမ်းပါးမှုမျဉ်း၏ အထက်တွင် ရောက်ရှိနေစေသော အဓိကအကြောင်းအချက်တစ်ခုဟု တွေ့ရှိခဲ့ပါသည်။

မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ အိမ်ထောင်စုများအပေါ် ကိုဗစ်–၁၉ ကပ်ရောဂါ၏ သက်ရောက်မှုအား လေ့လာရန်အတွက် ထိခိုက်လွယ်သော အိမ်ထောင်စုများအား လေ့လာမှုစစ်တမ်းကို ၂၀၂၀ ခုနှစ်က ကောက်ယူခဲ့ပါသည်။ ယခင်က စီးပွားရေးအရ အခြေခိုင်သောအိမ်ထောင်စုများ (အများစုသည် လယ်ယာနှင့်မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းပိုင်ဆိုင်) သည် ဝင်ငွေကျဆင်းမှုပမာဏ အများဆုံးဖြစ်ကြောင်း ထိုစစ်တမ်းတွင် တွေ့ရှိခဲ့ပါသည်။

**လယ်ယာနှင့်မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းကဏ္ဍသည် ကိုဗစ်–၁၉ ရောဂါကြောင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ဖြစ်ရပ်များကြောင့်လည်းကောင်း အကြီးအကျယ် ထိခိုက်ခဲ့ပါသည်။** အသေးစား စီးပွားရေးလုပ်ငန်းအများအပြားတည်ရှိရာ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများသည် ကိုဗစ်–၁၉ ကူးစက်ခံရသူအရေအတွက် အများဆုံးနေရာများဖြစ်ပြီး မကြာမီကလည်း ထိုမြို့ကြီးများတွင် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ပါသည်။

၂၀၁၇ ခုနှစ်တွင် ဆင်းရဲနွမ်းပါးသူအရေအတွက်သည် ကျေးလက်ဒေသများ (၃၀.၂ ရာခိုင်နှုန်း) တွင် မြို့ပြဒေသများ (၁၁.၃ ရာခိုင်နှုန်း) မှာထက် ၂.၇ ဆ ပိုများပါသည်။

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်းတွင် ဝင်ငွေကျဆင်းသွားသည်ဟုဆိုသော ကျေးလက်အိမ်ထောင်စုများမှာ ၇၁.၅ ရာခိုင်နှုန်း** ရှိသည့်အတွက် ကျေးလက်ဒေသတွင် ဒုက္ခအခက်အခဲများ ကြုံတွေ့နေရကြောင်း သိသာထင်ရှားနေပါသည်။




**မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား၊ ၃၁ နှစ်**
*“ဆံပင်ညှပ်ဆိုင်လုပ်ငန်းမှာ အိန္ဒိယဘက်က လမ်း တွေပိတ်ထားလို့ ကုန်ကြမ်းပစ္စည်း ပြတ်လပ်တာတွေ ဖြစ်ပါတယ်။”*

**ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသမီး၊ ၄၆ နှစ်** *“မော်တော်ဆိုင်ကယ်စီးခွင့် မရှိတော့လို့ သွားရေးလာရေးက ခက်ခဲပါတယ်။ ပေါင်မုန့်တွေကို စက်ဘီးနဲ့ လိုက်ပို့ရတာ တော်တော်အဆင်မပြေပါဘူး။”*

**မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား၊ ၅၆ နှစ်**
*“လူတွေက ဈေးလာရမှာ ကြောက်ကြတော့ စီးတဲ့သူ နည်းသွားပြီး ဝင်ငွေလည်း နည်းသွားတာပေါ့ဗျာ”*

**ပုံ – ၁.၂** ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း အိမ်ထောင်စုသုံးစွဲနိုင်သည့်ဝင်ငွေ ကျဆင်းသွားရခြင်း အကြောင်းရင်းများ (ရာခိုင်နှုန်းဖြင့်)




ဖြေဆိုသူများသည် အဖြေတစ်ခုထက်မက ရွေးချယ်ခွင့် ရှိပါသည်။



**မွန်ပြည်နယ်မှ အမျိုးသမီး၊ ၂၄ နှစ်**
*“ကရင်လက်နက်ကိုင်အဖွဲ့တွေက တိုက်ပွဲတွေ ဖြစ်နေတော့ လယ်ထဲသွားရမှာ ကြောက်ပါတယ်။ လယ်တွေက တောထဲမှ ရှိတာလေ။”*

**နေပြည်တော်မှ အမျိုးသား၊ ၃၅ နှစ်**
*“နိုင်ငံရေးအခြေအနေ မကောင်းတဲ့အခါ လယ်ယာလုပ်ငန်းမှာ ကိုယ် ရင်းနှီးမြှုပ်နှံထားသမျှတွေ ဆုံးရှုံးသွားမှာ စိတ်ပူနေရတယ်။”*

**စစ်ကိုင်းတိုင်းဒေသကြီးမှ အမျိုးသား၊ ၃၃ နှစ်**
*“နိုင်ငံရေးအခြေအနေကြောင့် တောင်သူတွေ ထိခိုက်နစ်နာတယ်၊ အလုပ်လုပ်လို့ မရကြဘူး”*

တောင်သူများသည် မြေသြဇာဈေးနှုန်းများ မြင့်တက်မှု၊ စိုက်ပျိုးထုတ်ကုန်များ ရောင်းအားကျဆင်းမှုပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ မကြာသေးမီက အစားအသောက်ရောင်းချသော ဈေးသည်များအား ကောက်ယူခဲ့သော စစ်တမ်းတစ်ခု[၁၀] တွင် ဖောက်သည်များသည် ကြက်သားနှင့် ဝက်သားကဲ့သို့ တိရစ္ဆာန်များမှရသောအစားအစာများကို ဝယ်ယူမှု နည်းပါးလာကြောင်း တွေ့ရပါသည်။ ဤသည်ကို ကြည့်လျှင် စားသုံးသူများ ဝင်ငွေလျော့နည်းလာမှုနှင့် ထိုစားသောက်ကုန်များ၏ ဈေးနှုန်းများ ကြီးမြင့်လာမှုကို ပြသနေသည်ဟု ဆိုနိုင်ပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း **ဝင်ငွေရရှိသော ရင်းမြစ်များ**နှင့် စပ်လျဉ်း၍ မေးမြန်းသောအခါတွင် အဓိက ဝင်ငွေရင်းမြစ်သည် လခစားအလုပ်မှ ဝင်ငွေ (၅၂.၈ ရာခိုင်နှုန်း) ဟု အများဆုံး ဖြေဆိုကြပြီး ယင်းနောက်တွင် လယ်ယာနှင့် မသက်ဆိုင်သော မိသားစုစီးပွားရေးလုပ်ငန်းမှ ဝင်ငွေ (၃၇.၄ ရာခိုင်နှုန်း)နှင့် အိမ်ထောင်စုပိုင် လယ်ယာလုပ်ငန်းမှ ဝင်ငွေ (၂၃.၇ ရာခိုင်နှုန်း) တို့ လိုက်ပါသည်။ **လက်ရှိတွင် ဝင်ငွေမရှိဟု ဖြေဆိုသူမှာ ဆယ်ဦးတွင် တစ်ဦးနီးပါး ရှိပါသည်။**


မြန်မာနိုင်ငံတွင် ငွေသားပြတ်လပ်မှု[၁၁]ကြောင့် ယခင်ကသေးငယ်သောလုပ်ငန်းတစ်ခုဖြစ်သည့် ငွေချေးလုပ်ငန်းသည် ကြီးထွားလာပါသည်။ ငွေသားလဲလှယ်မှုဈေးကွက်တစ်ခု ပေါ်ထွန်းလာသည်ကိုလည်း ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းမှရရှိသော အချက်အလက်များအရ ထင်ရှားစွာ တွေ့မြင်ရပါသည်။ ထိုဈေးကွက်တွင် လူတစ်ဦးသည် ငွေသားရရှိရန်အတွက် ဘဏ်ထဲမှ ငွေကို လွှဲပြောင်းပေးခြင်း သို့မဟုတ် ချက်လက်မှတ်တွင် လက်မှတ်ရေးထိုးပေးခြင်းတို့ ပြုလုပ်ရပြီး ထိုငွေပမာဏထက် လျော့နည်းသော ငွေသားကိုသာ ရရှိပါသည်။ ဥပမာ ဘဏ်ထဲမှ ငွေ ၁၀,၀၀၀ ကျပ် လွှဲပေးလျှင် ငွေသားအဖြစ် ၉,၀၀၀ ကျပ်သာ ရရှိခြင်းမျိုးဖြစ်သည်။ **ပြည်သူ့အခြေခံလိုအပ်ချက် စစ်တမ်းတွင် ပါဝင်ဖြေဆိုသော အိမ်ထောင်စုများ၏ ၃.၄ ရာခိုင်နှုန်းသည် ဝင်ငွေအဖြစ် ချေးငွေထုတ်ပေးခြင်းမှ အတိုးများရရှိသည်ဟု ဆိုပါသည်။**[၁၂]

အခြားအိမ်ထောင်စုများသည် မိသားစုဆွေမျိုးများ၊ မိတ်ဆွေများနှင့် ဘာသာရေးအဖွဲ့အစည်းများမှ အလွတ်သဘော ထောက်ပံ့သော အကူအညီများကို ရရှိနေသည်ဟု ဆိုပါသည်။[၁၃] **ဖြေဆိုသူများ၏ နှစ်ရာခိုင်နှုန်းနီးပါး (အိမ်ထောင်စု ၂၂၀,၀၀၀ ခန့်) က လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများထံမှ ငွေသား သို့မဟုတ် ပစ္စည်းအထောက်အပံ့များ ရရှိသည်ဟု ဆိုပါသည်။ ထိုအရေအတွက်သည် လက်တွေ့တွင် ပို၍ မြင့်မားနိုင်ပါသည်။** သို့သော် စစ်တမ်းကောက်ယူရာတွင် အသုံးပြုသော နည်းစနစ်အပိုင်းတွင် တင်ပြခဲ့သကဲ့သို့ ဆင်းရဲနွမ်းပါးသူများတွင် ဖုန်းတစ်လုံး ပိုင်ဆိုင်နိုင်ခြေ ပိုနည်းသဖြင့် ၎င်းတို့၏အခြေအနေများကို ဤ CATI စစ်တမ်းထဲတွင် အပြည့်အဝမှတ်တမ်းတင်နိုင်ခြင်း ရှိကောင်းမှ ရှိမည်ဖြစ်သည်။

---

၁၀ https://www.ifpri.org/publication/monitoring-agri-food-system-myanmar-food-vendors-may-2021-survey-round
၁၁ https://asia.nikkei.com/Spotlight/Myanmar-Coup/Myanmar-s-cash-shortage-casts-shadow-despite-rise-in-activity
၁၂ https://www.irrawaddy.com/news/burma/myanmars-informal-financial-service-providers-take-advantage-post-coup-banking-crisis.html
၁၃ https://www.agensir.it/mondo/2021/04/30/nuns-and-buddhist-monks-are-helping-the-people-of-mandalay-the-country-is-facing-hunger-and-fear/

## ပုံ – ၁.၃ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ဝင်ငွေရရှိသည့် ရင်းမြစ်များ (ရာခိုင်နှုန်းဖြင့်)





ဖြေဆိုသူများသည် အဖြေတစ်ခုထက်မက ရွေးချယ်ခွင့် ရှိပါသည်။

နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်ပြီး အိမ်သို့ ငွေပြန်ပို့ကြသည့် ရွှေ့ပြောင်းလုပ်သားများအပေါ် မှီခိုနေရသော သန်းနှင့်ချီသည့် မိသားစုများအဖို့ လွှဲပို့ငွေများသည် ၎င်းတို့၏ရှင်သန်ရပ်တည်ရေးအတွက် အသက်သွေးကြောသဖွယ် ဖြစ်ပါသည်။ သို့သော် လွှဲပို့ငွေများသည် နိုင်ငံရေး၊ ကျန်းမာရေး သို့မဟုတ် စီးပွားရေး အကျပ်အတည်းများကြောင့် အလွန်ထိခိုက်လွယ်ပါသည်။ ၂၀၁၉ ခုနှစ် (ကပ်ရောဂါ မဖြစ်ပွားမီ)နှင့် ၂၀၂၀ ခုနှစ် (ကပ်ရောဂါ ဖြစ်ပွားနေချိန်) ကြားတွင် လွှဲပို့ငွေများ တန်ဖိုးသည် ၁၅.၈ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း အထောက်အထားများ[၁၄] [၁၅]ရှိနေပါသည်။

**ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသမီး၊ ၂၅ နှစ်**
*“မကြာမီက ဖြစ်ခဲ့တဲ့ ဖြစ်ရပ်တွေကြောင့် ကျွန်မအတွက် နိုင်ငံခြားမှာ အလုပ်သွားလုပ်ဖို့ ခက်ခဲသွားပါတယ်။”*

**တနင်္သာရီတိုင်းဒေသကြီးမှ အမျိုးသမီး၊ ၃၃ နှစ်** *“နိုင်ငံရေးအခြေအနေကြောင့် ခရီးသွားဖို့ မလွယ်တော့ပါဘူး။ အပြင်တောင် မထွက်ရဲဘူး။”*


## ပုံ – ၁.၄ နိုင်ငံရပ်ခြားမှ လွှဲပို့ငွေများလက်ခံရရှိသည့် အိမ်ထောင်စုများ အချိုးအစား၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၂၀ ခုနှစ် (ရာခိုင်နှုန်းဖြင့်)




၁၄ https://data.worldbank.org/indicator/BX.TRF.PWKR.CD.DT?locations=MM
၁၅ MLCS ၂၀၁၇ သုတေသနစစ်တမ်းနှင့် ပြည်သူ့အခြေခံ လိုအပ်ချက်စစ်တမ်း ၂၀၂၁ ကိုနှိုင်းယှဉ်ရာတွင် သုတေသန နည်းစနစ်များ မတူညီသည်ကို ဂရုပြုရန်လိုအပ်သည်။

လက်ရှိအချိန်တွင် အိမ်ထောင်စုများသည် ဝင်ငွေအတွက် လခစားအလုပ်အကိုင်တစ်ခုပေါ်တွင် အများဆုံး မှီခိုနေရပါသည်။ အိမ်ထောင်စုများ၏ ၁၃.၁ ရာခိုင်နှုန်းသည် ၎င်းတို့၏ အလုပ်မှရသောလစာများ လျော့နည်းသွားသည်ဟု ဖြေဆိုကြောင်း ပုံ (၁.၂) တွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ဖြစ်ပေါ်လာသည့် စီးပွားရေး အကျပ်အတည်းကြောင့် စီးပွားရေးလုပ်ငန်းများသည် ဝန်ထမ်းများအား လစာပေးရန် အခက်အခဲ ဖြစ်လာပြီး ဝန်ထမ်းများ၏ လုပ်ခလစာများကို လျှော့ချကာ အချိန်ကြာလာသည်နှင့်အမျှ လုပ်ခလစာများလည်း ပိုနည်းလာပါသည်။[၁၆] လက်ရှိဖြစ်ပေါ်နေသော အခြေအနေများ၊ စီးပွားရေးလုပ်ငန်းများ၏ လည်ပတ်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်း ကဏ္ဍအသီးသီးမှ ကျွမ်းကျင်သူခြောက်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် အခြေအနေမှာ စိုးရိမ်ဖွယ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဥပမာ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက စစ်အာဏာသိမ်းပြီးနောက်ပိုင်း အထည်ချုပ်ကဏ္ဍမှ အလုပ်အကိုင်များ ၂၀ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု ဆိုပါသည်။

## ပုံ – ၁.၅ | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း အဓိကဝင်ငွေရင်းမြစ်များ (ရာခိုင်နှုန်းဖြင့်)




**ရင်းမြစ်အမျိုးမျိုးမှ ဝင်ငွေရရှိနေမှုအခြေအနေအား** လေ့လာကြည့်သောအခါ **ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းတွင် ပါဝင်ဖြေဆိုကြသော အိမ်ထောင်စုများ၏ ဝင်ငွေရင်းမြစ်များသည် ၂၀၁၇ ခုနှစ်က စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများ၏ ဝင်ငွေရင်းမြစ်များထက် ပိုမိုနည်းပါးသည်ကို တွေ့ရပါသည်။** ၂၀၁၇ ခုနှစ်က ဝင်ငွေရရှိနေသော ရင်းမြစ်နှစ်ခု သို့မဟုတ် ထို့ထက်ပိုသော အိမ်ထောင်စုများရာခိုင်နှုန်းသည် ပိုမိုမြင့်မားကြောင်း ပုံ(၁.၆)တွင် တွေ့ရှိနိုင်ပါသည်။[၁၇] ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်းတစ်ခုမှာ ၂၀၂၁ ခုနှစ် အချက်အလက်များသည် ဖေဖော်ဝါရီလမှစ၍ မေ/ဇွန်လအထိ ရရှိသော ဝင်ငွေများကိုသာ ဖော်ပြထားခြင်းဖြစ်ပြီး အချို့ဝင်ငွေရင်းမြစ်များသည် ရာသီအလိုက်လုပ်ကိုင်သောလုပ်ငန်းများ ဖြစ်နေနိုင်ပါသည် (မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း (၂၀၁၇) တွင် ၁၂ လတာကာလပတ်လုံး အချက်အလက်များ ကောက်ယူခဲ့ခြင်း ဖြစ်သောကြောင့် ဤအားနည်းချက်ကို ရှောင်ရှားနိုင်ခဲ့ပါသည်)။


**ပဋိပက္ခဖြစ်ပွားရာအနီးအနားတွင်နေထိုင်သော အိမ်ထောင်စုများနှင့် ကလေးရှိသော အိမ်ထောင်စုများတွင် ရင်းမြစ်အမျိုးမျိုးမှ ဝင်ငွေရရှိနိုင်မှု ပိုမိုနည်းပါးကြောင်း ဇယား (၁.၂) တွင် တွေ့ရှိနိုင်ပါသည်။**

*ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်း*တွင် ဖြေဆိုသူများအား အလုပ်အကိုင်ဆုံးရှုံးရသည့် အတွေ့အကြုံများကို မေးမြန်းခဲ့ပါသည်။ မကြာသေးမီက စီးပွားရေးလုပ်ငန်းရှင်များအသင်းတစ်ခုမှ ကောက်ယူသော စစ်တမ်းတစ်ခု[၁၈]မှ အထောက်အထားများ

---

၁၆ https://www.reuters.com/article/us-myanmar-politics-workers-idUSKBN2AP0TQ
၁၇ MLCS ၂၀၁၇ သုတေသနစစ်တမ်းနှင့် ပြည်သူ့အခြေခံ လိုအပ်ချက်စစ်တမ်း ၂၀၂၁ ကိုနှိုင်းယှဉ်ရာတွင် သုတေသန နည်းစနစ်များ မတူညီသည်ကို ဂရုပြုရန်လိုအပ်သည်
၁၈ https://thediplomat.com/2021/05/myanmar-coup-forced-sharp-downturn-in-business-report/

## ပုံ – ၁.၆ ဝင်ငွေရင်းမြစ်အရေအတွက်၊ ၂၀၁၇ နှင့် ၂၀၂၁ (ရာခိုင်နှုန်းဖြင့်)




## ဇယား – ၁.၂ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ဝင်ငွေရင်းမြစ် အရေအတွက် (ရာခိုင်နှုန်းဖြင့်)

| အိမ်ထောင်စုအမျိုးအစားအုပ်စု | မရှိ | တစ်ခု | နှစ်ခု (သို့) အထက် | စုစုပေါင်း |
|---|---|---|---|---|
| ပြည်ထောင်စု | ၉.၈ | ၅၃.၉ | ၃၆.၃ | ၁၀၀% |
| | | | | |
| မြို့ပြ | ၅.၁ | ၅၈.၄ | ၃၆.၆ | ၁၀၀% |
| ကျေးလက် | ၁၂.၀ | ၅၁.၈ | ၃၆.၂ | ၁၀၀% |
| | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၉.၁ | ၄၈.၃ | ၄၂.၆ | ၁၀၀% |
| ကလေးရှိသော အိမ်ထောင်စု (၀–၁၇ နှစ်) | ၁၀.၂ | ၅၆.၆ | ၃၃.၂ | ၁၀၀% |
| | | | | |
| ပဋိပက္ခဖြစ်ပွားရာအနီးအနားတွင် နေထိုင်သောအိမ်ထောင်စု | ၉.၅ | ၅၇.၇ | ၃၂.၈ | ၁၀၀% |
| ပဋိပက္ခဖြစ်ပွားရာအနီးအနားတွင် နေထိုင်ခြင်းမဟုတ်သောအိမ်ထောင်စု | ၁၀.၀ | ၅၁.၆ | ၃၈.၄ | ၁၀၀% |

ပြည်နယ်/တိုင်းဒေသကြီး ကွာခြားချက်သည် ၁ ရာခိုင်နှုန်းအောက်သာ ရှိသည်။

အရ ကိုဗစ်–၁၉ ရောဂါနှင့်စပ်လျဉ်းသော ကန့်သတ်ချက်များကို ရင်ဆိုင်ခဲ့ရသည့် တစ်နှစ်တာကာလထက် ဖေဖော်ဝါရီ (၁) ရက်နေ့ နောက်ပိုင်းဖြစ်ရပ်များသည် တိုင်းပြည်၏စီးပွားကိုပိုမိုပြင်းထန်စွာ ထိခိုက်စေခဲ့သဖြင့် ကုမ္ပဏီများအဖို့ ပိုမိုခက်ခဲကျပ်တည်းသော အခြေအနေများကို ရင်ဆိုင်ဖြေရှင်းကြရကြောင်း တွေ့ရှိရပါသည်။ ထိုစစ်တမ်းအစီရင်ခံစာတွင် စစ်အာဏာသိမ်းမှုသည် *“ပိုမိုရှည်ကြာသည့် လူမှုရေးအကျပ်အတည်းကို ဖြစ်ပေါ်စေနိုင်ပြီး ရှေ့လာမည့်လများအတွင်း လုပ်သားများ၏ ယေဘုယျဝယ်ယူနိုင်စွမ်းနှင့် လူနေမှုအဆင့်အတန်းကျဆင်းခြင်း၊ အလုပ်လက်မဲ့နှုန်းများ တဟုန်ထိုး မြင့်တက်ခြင်းတို့ ကြုံတွေ့ရဖွယ်ရှိကြောင်း”* ဖော်ပြထားပါသည်။ ထို့အပြင် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်း ILO မှ ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်စောင်[၁၉] တွင် *“၂၀၂၀ ခုနှစ် စတုတ္ထသုံးလပတ်ကာလနှင့် နှိုင်းယှဉ်လျှင် ၂၀၂၁ ခုနှစ် ဒုတိယသုံးလပတ်ကာလတွင် အလုပ်အကိုင်ရှိမှုနှုန်းသည် ၆ ရာခိုင်နှုန်း ကျဆင်းသွားမည်ဟု ခန့်မှန်းထားရာ အလုပ်အကိုင် ၁.၂ သန်းခန့် ဆုံးရှုံးမည်ဟူသော အဓိပ္ပါယ်ပင် ဖြစ်ပါသည်။”*

ဖြေဆိုသူများ၏ **၂၄.၀ ရာခိုင်နှုန်းသည် ကိုဗစ်–၁၉ နှင့်စပ်လျဉ်းသော ကန့်သတ်ချက်များ စတင်ချမှတ်ပြီးနောက်ပိုင်း အလုပ်အကိုင်ဆုံးရှုံးခဲ့သည်**ဟု ဖြေဆိုကြောင်း ဇယား (၁.၃) တွင် ပြသထားပါသည်။ အလုပ်အကိုင်ဆုံးရှုံးမှုများသည် တိုင်းဒေသကြီးများ၊ မြို့ပြဒေသများနှင့် ပဋိပက္ခဖြစ်ပွားရာ အနီးအနားတွင် နေထိုင်သော အိမ်ထောင်စုများတွင် ပိုမိုများပြား

၁၉ http://www.ilo.org/global/about-the-ilo/newsroom/news/WCMS_814686/lang--en/index.htm

**မကွေးတိုင်းဒေသကြီးမှ အမျိုးသား၊ ၃၆ နှစ်** *“ကျွန်တော်က CDM လုပ်ထားတဲ့ဝန်ထမ်းတစ်ဦး ဖြစ်တဲ့အတွက် အဖမ်းခံရမှာကိုကြောက်နေရပါတယ်။ အလုပ်ကအထုတ်ခံထားပါတယ်။ နှစ်လစာ ကြိုထုတ်ပေးထားတဲ့ ချေးငွေကိုလည်း ပြန်တောင်းနေပါတယ်။”*

**မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား၊ ၃၃ နှစ်** *“လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေကြောင့် ကျွန်တော် အလုပ်မရှိတော့ပါဘူး။”*

**မန္တလေးတိုင်းဒေသကြီးမှ အမျိုးသမီး၊ ၅၂ နှစ်** *“ဈေးမသွားရောင်းဘဲ နားထားရပါတယ်။ ဈေးသွားတဲ့လမ်းမှ အတားအဆီး၊ အစစ်အဆေးတွေ တွေ့မှာကြောက်လို့ပါ။”*

ကြောင်း တွေ့ရပါသည်။

အရွယ်ရောက်သူ အိမ်ထောင်စုဝင်များ (၁၈ နှစ်နှင့် အထက်) အား လေ့လာသောအခါ **အိမ်ထောင်စုအတွင်းရှိ အလုပ်အကိုင် ဆုံးရှုံးရမှုများ၏ ငါးပုံသုံးပုံနီးပါး (၅၇.၃ ရာခိုင်နှုန်း) သည် အမျိုးသားများ ကြုံတွေ့ရခြင်း**ဖြစ်ပြီး သုံးပုံတစ်ပုံနီးပါး (၂၉.၄ ရာခိုင်နှုန်း)သည် အမျိုးသမီးများ ကြုံတွေ့ရခြင်း ဖြစ်ပါသည်။ အိမ်ထောင်စုများ၏ ၁၃.၃ ရာခိုင်နှုန်းတွင်မှ ၂၀၂၀ ခုနှစ် မတ်လ

**ဇယား – ၁.၃** **၂၀၂၀ ခုနှစ်၊ မတ်လတွင် ကိုဗစ်–၁၉ ဆိုင်ရာ ကန့်သတ်ချက်များ စတင်ပြီးနောက်ပိုင်း အလုပ်အကိုင်* ဆုံးရှုံးခဲ့သည့် အိမ်ထောင်စုဝင် အနည်းဆုံး တစ်ဦး ရှိသည့် အိမ်ထောင်စုများ**

| အိမ်ထောင်စုအမျိုးအစားအုပ်စု | ရှိ | မရှိ | စုစုပေါင်း |
|---|---|---|---|
| ပြည်ထောင်စု | ၂၄.၀ | ၇၆.၀ | ၁၀၀% |
| ပြည်နယ် | ၁၅.၆ | ၈၄.၄ | ၁၀၀% |
| တိုင်းဒေသကြီး | ၂၇.၀ | ၇၃.၀ | ၁၀၀% |
| မြို့ပြ | ၃၁.၂ | ၆၈.၈ | ၁၀၀% |
| ကျေးလက် | ၂၀.၇ | ၇၉.၃ | ၁၀၀% |
| ကလေးမရှိသော အိမ်ထောင်စု | ၂၂.၄ | ၇၇.၆ | ၁၀၀% |
| ကလေးရှိသော အိမ်ထောင်စု (၀–၁၇ နှစ်) | ၂၄.၈ | ၇၅.၅ | ၁၀၀% |
| ပဋိပက္ခဖြစ်ပွားရာအနီးအနားတွင် နေထိုင်သောအိမ်ထောင်စု | ၂၈.၃ | ၇၁.၇ | ၁၀၀% |
| ပဋိပက္ခဖြစ်ပွားရာအနီးအနားတွင် နေထိုင်ခြင်းမဟုတ်သောအိမ်ထောင်စု | ၂၁.၅ | ၇၈.၅ | ၁၀၀% |


* အပြီးတိုင်ဆုံးရှုံးမှုနှင့် ယာယီဆုံးရှုံးမှု နှစ်မျိုးစလုံး ပါဝင်

နောက်ပိုင်းမှစ၍ အလုပ်အကိုင် ဆုံးရှုံးခဲ့ရသည့် အမျိုးသားနှင့် အမျိုးသမီး အရေအတွက်သည် တူညီပါသည် (ပုံ ၁.၇)။

မကြာမီက ဆောင်ရွက်ခဲ့သော ILO ၏ သုတေသနတစ်ခု[၂၀]အရ **စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် အမျိုးသမီးများသည်**

[၂၀] https://www.ilo.org/yangon/publications/WCMS_814681/lang--en/index.htm

## ပုံ – ၁.၇ ကျား/မအလိုက် ဖော်ပြထားသော ကိုဗစ်–၁၉ ဆိုင်ရာ ကန့်သတ်ချက်များရှိပြီးနောက်ပိုင်း အိမ်ထောင်စုအတွင်း အလုပ်အကိုင်ဆုံးရှုံးမှု (ရာခိုင်နှုန်းဖြင့်)




**အလုပ်အကိုင်ဆုံးရှုံးနိုင်ခြေပိုများ**ကြောင်း တွေ့ရှိရပါသည်။ အထက်ဖော်ပြပါ အချက်အလက်များကမူပုံတွင်ပါရှိသော ကိုဗစ်–၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၀ ခုနှစ် မတ်လနောက်ပိုင်း အခြေအနေများကို ဖော်ပြသည့် အချက်အလက်များဖြစ်ပြီး **အမျိုးသားများသည် အလုပ်အကိုင် ဆုံးရှုံးနိုင်ခြေပိုများ**ကြောင်း ပြသပါသည်။ ပြည်သူ့အခြေခံလိုအပ်ချက် စစ်တမ်းရလဒ်များသည် ကောက်ယူရရှိသော စစ်တမ်းအချက်အလက်များပေါ်တွင်လည်းကောင်း၊ လုပ်သားအင်အားစစ်တမ်း၊ ၂၀၂၀ ပထမ သုံးလပတ်မှ အချက်အလက်များ အသုံးပြုတည်ဆောက်ထားသော ILO ၏ အချက်အလက်စနစ်များပေါ်တွင်လည်းကောင်း အခြေခံထားပါသည်။

**၂၀၂၁ ခုနှစ်နောက်ပိုင်း လုပ်ငန်းများ ရပ်ဆိုင်းသွားမှု**နှင့် စပ်လျဉ်း၍ လေ့လာသောအခါတွင် ထိုသို့လုပ်ငန်းများ ရပ်ဆိုင်းသွားမှုသည် ကိုယ်ပိုင်အလုပ်လုပ်ကိုင်သော ဖြေဆိုသူများ (၃၅.၈ ရာခိုင်နှုန်း) ကြားတွင် အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယင်းကို ပုံ(၁.၈)တွင် ပြသထားပါသည်။ ကိုယ်ပိုင်လုပ်ငန်းများတွင် အဓိကအားဖြင့် ဆိုက်ကားနင်းသူ၊ ဆိုင်ကယ်တက္ကစီ သို့မဟုတ် အငှားယာဉ်မောင်းသူ၊ ပစ္စည်းလိုက်ပို့သူနှင့် စက်ပစ္စည်း (လယ်ယာသုံးစက်ပစ္စည်းများ၊ ထွန်စက်များ၊ မီးစက်များ၊ စသည်) ငှားရမ်းသည့်လုပ်ငန်းများ ပါဝင်ပါသည်။ ထိုသို့သော ကိုယ်ပိုင်လုပ်ငန်းအမျိုးအစားများကို လုပ်ကိုင်သူများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ဖြစ်ရပ်များ၏ ကြီးမားသော ရိုက်ခတ်မှုကို ရင်ဆိုင်ခဲ့ရပါသည်။ စစ်တမ်းကောက်ယူနေသည့်အချိန်တွင် သယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်သည့်အလုပ်အကိုင် လုပ်ကိုင်သူများသည် ဆန္ဒပြပွဲများ၊ စက်သုံးဆီဈေးနှုန်း မြင့်တက်မှုနှင့် တားဆီးစစ်ဆေးမှုများကို ရင်ဆိုင်ကြုံတွေ့ကြရပါသည်။

ထို့ပြင် **ပြည်သူ့အခြေခံလိုအပ်ချက် စစ်တမ်းဖြေဆိုသူများ၏ ၂၈.၈ ရာခိုင်နှုန်းက ၎င်းတို့၏ အိမ်ထောင်စုတွင် လခစားအလုပ်ဆုံးရှုံးရသူတစ်ဦး ရှိသည်**ဟု ဖြေဆိုကြပါသည်။ ILO မှ ပြုလုပ်သည့် သုတေသန[၂၂]မှ အထောက်အထားများအရ ဆုံးရှုံးသွားသောအလုပ်အကိုင်များသည် အထည်ချုပ် သို့မဟုတ် အထည်အလိပ်လုပ်ငန်း သို့မဟုတ် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများမှ ဖြစ်ဖွယ်ရာ ရှိပါသည်။ အိမ်ထောင်စုများထဲမှ **နောက်ထပ် ၁၆.၃ ရာခိုင်နှုန်းတွင် ဆောက်လုပ်ရေးကဏ္ဍမှ ကျွမ်းကျင်လုပ်သားအဖြစ် လုပ်ကိုင်သော အလုပ်အကိုင်ကို အပြီးတိုင် ဆုံးရှုံးသွားသူတစ်ဦး ရှိပါသည်။**


ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းတွင် ပါဝင်ဖြေဆိုပေးခဲ့သော အိမ်ထောင်စုများ၏ ငါးပုံနှစ်ပုံသည် လယ်ယာနှင့်

---

၂၂ https://myanmar.un.org/sites/default/files/2020-07/ILO%20Myanmar%20COVID-19%20Impact%20Assessment%20-%20updated.pdf



**ပုံ – ၁.၈** ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း လုပ်ငန်းများ ရပ်ဆိုင်းသွားသော သို့မဟုတ် အလုပ်အကိုင်ဆုံးရှုံးသွားသော အိမ်ထောင်စုများ အချိုးအစား၊ အလုပ်အကိုင်အမျိုးအစားအလိုက် (ရာခိုင်နှုန်းဖြင့်) ဖော်ပြထားခြင်း




မသက်ဆိုင်သောစီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ကိုင်နေပြီး (ဇယား ၁.၄) ထို အိမ်ထောင်စုများထဲမှ **၉၂.၂ ရာခိုင်နှုန်းသည် ဆက်သွယ်မေးမြန်းချိန်တွင် ထိုလုပ်ငန်းများကို လည်ပတ်လုပ်ကိုင်နေပြီး အိမ်ထောင်စုအမျိုးအစား အုပ်စုများကြား သိသာထင်ရှားသည့် ကွာခြားချက်များ မတွေ့ရပါ။**
အခန်း (၁) တွင် ဖတ်ရှုခဲ့ရပြီးဖြစ်သည့်အတိုင်း ဖြေဆိုသူများ၏ လေးပုံတစ်ပုံ (၂၆.၅ ရာခိုင်နှုန်း) က ၎င်းတို့၏

**ဇယား – ၁.၄** **မြို့ပြ/ကျေးလက်ဒေသအလိုက် ဖော်ပြထားသော လယ်ယာနှင့်မသက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်နေသော အိမ်ထောင်စုများအချိုးအစား (ရာခိုင်နှုန်းဖြင့်)**

| အိမ်ထောင်စုအမျိုးအစားအုပ်စု | ရှိ | မရှိ | စုစုပေါင်း |
|---|---|---|---|
| ပြည်ထောင်စု | ၄၂.၁ | ၅၇.၉ | ၁၀၀% |
| | | | |
| မြို့ပြ | ၄၈.၄ | ၅၁.၆ | ၁၀၀% |
| ကျေးလက် | ၃၉.၂ | ၆၀.၈ | ၁၀၀% |

အခြားအိမ်ထောင်စုအမျိုးအစားအုပ်စုများကြား ကွာခြားချက်မှာ ၁ ရာခိုင်နှုန်းအောက်သာ ရှိသည်။



# ဆက်လက်စောင့်ကြည့်လေ့လာရန်

စစ်အာဏာသိမ်းမှုသည် လူများ၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ဆုံးရှုံးစေခြင်းနှင့်အတူ အိမ်ထောင်စုများအပေါ် ကြီးမားသည့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများရှိစေခဲ့ကြောင်း စစ်တမ်းအချက်အလက်များက ပြသလျက်ရှိပါသည်။ အိမ်ထောင်စုများ၏ လေးပုံသုံးပုံနီးပါးသည် စစ်အာဏာသိမ်းမှုဖြစ်ပြီးနောက်ပိုင်း ဝင်ငွေများကျဆင်းသွားသည်ဟု ဆိုပါသည်။ အိမ်ထောင်စုများသည် ဝင်ငွေများ ဆုံးရှုံးရုံမျှမက ၎င်းတို့လက်ခံရရှိနေသည့် နိုင်ငံခြားမှ လွှဲပို့ငွေများလည်း များစွာကျဆင်းသွားပြီး ဝင်ငွေရရှိနိုင်သည့် ရင်းမြစ်များမှာ ပိုမိုနည်းပါးသွားပါသည်။ ဖြေဆိုသူ ဆယ်ဦးတွင် တစ်ဦးက ၎င်းတို့၏ အိမ်ထောင်စုတွင် လတ်တလော ဝင်ငွေမရှိဟု ဆိုပါသည်။ နိုင်ငံ၏ စီးပွားရေးသည် ရပ်တန့်သွားပြီးနောက်တွင် တစ်ဟုန်ထိုး ကျဆင်းမှုနှင့်အတူ အခြေအနေသည် ပို၍ ဆိုးရွားလာမည်ဖြစ်ပါသည်။ ကိုဗစ်–၁၉ ကပ်ရောဂါ၏ ပထမလှိုင်းနှင့် ဒုတိယလှိုင်းများအတွင်း ချမှတ်ခဲ့သော ကန့်သတ်ချက်များကြောင့် များစွာထိခိုက်ခဲ့ရပြီးဖြစ်သည့် ကိုယ်ပိုင်လုပ်ငန်းငယ်လေးများ၏ အခြေအနေမှာလည်း ဆက်လက်ဆိုးရွားနေဦးမည်ဖြစ်သည်။

> အိမ်ထောင်စုအများအပြားသည် ထိုကဲ့သို့ကြီးမားသော အခက်အခဲများ ရင်ဆိုင်တွေ့ကြုံနေရသော်လည်း စစ်အာဏာသိမ်းပြီးနောက်ပိုင်း လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများထံမှ ငွေသား သို့မဟုတ် ပစ္စည်းအထောက်အပံ့ရရှိခဲ့သည်ဟု ဆိုသော အိမ်ထောင်စုများမှာ နှစ်ရာခိုင်နှုန်း (အိမ်ထောင်စု ၂၂၀,၀၀၀ ခန့်) မျှသာ ရှိပါသည်။ အကူအညီအထောက်အပံ့များ တိုးမြှင့်ပေးအပ်ခြင်းဖြင့် ထိုအိမ်ထောင်စုများအား အကျပ်အတည်း ရင်ဆိုင်ကျော်လွှားနိုင်အောင် ကူညီပေးရန် လိုအပ်နေပါသည်။

# အခန်း (၂)

# နေထိုင်မှုစရိတ်များ ကာမိစေရန် အသုံးပြုသော နည်းလမ်းများ



အိမ်ထောင်စုဝင်ငွေကျဆင်းရခြင်း အဓိကအကြောင်းရင်းများထဲမှ တစ်ခုမှာ ၎င်းတို့၏ ဝင်ငွေသည် ကုန်စျေးနှုန်းများတက်နေမှုကို အမှီ မလိုက်နိုင်ခြင်းကြောင့်ဟု ဆိုခဲ့ပါသည်။ ပြည်သူ့ အခြေခံလိုအပ်ချက်စစ်တမ်းအတွက် အချက် အလက်များကောက်ယူနေသည့် ၂၀၂၁ ခုနှစ်၊ မေလအစောပိုင်းနှင့် ဇွန်လလယ်ကြားတွင်[၂၂] အခြေခံစားကုန်စျေးနှုန်းများသည် ဆယ်ရာခိုင် နှုန်းမှ တစ်ဆယ့်ငါးရာခိုင်နှုန်းအထိ တက်ခဲ့သည် ဟု ခန့်မှန်းရပါသည်။

ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းအတွက် မေးမြန်းမှုတွင် ဖြေဆိုသူများအား လွန်ခဲ့သည့်လ အနည်းငယ်အတွင်း မြန်မာနိုင်ငံတွင် နေထိုင် ရသည့် အခြေအနေအကြောင်းကို မေးမြန်း ထားသော မေးခွန်းတစ်ခု ပါဝင်ပါသည်။ ဖြေဆို သူများမှ လွတ်လပ်စွာ ဖြေဆိုနိုင်သောမေးခွန်း ဖြစ်သည်။ အောက်ဖော်ပြပါပုံ (word cloud) တွင် (စကားလုံးအရွယ်အစားသည် ဖြေဆိုသည့် အကြိမ်အရေအတွက်ကို ကိုယ်စားပြုပါသည်) "ခက်ခဲ"၊ "နိုင်ငံရေး"နှင့် "သွားရေးလာရေး" တို့သည် အပြောအများဆုံး စကားလုံးများ ဖြစ်ပါသည်။ သို့သော် "ကုန်စည်" နှင့် "စျေးနှုန်း" များကလည်း လူများ၏ စိတ်ထဲတွင် များစွာ စိုးမိုးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။

**ရခိုင်ပြည်နယ်မှ အမျိုးသမီး၊ ၃၈ နှစ်** *"နိုင်ငံရေးမတည်ငြိမ်တော့ ခရီးသွားလာရတာတွေ နှောင့်နှေးတယ်။ တည်ငြိမ်စေချင်ပါတယ်။ ကုန်စျေးနှုန်းတွေကလည်း ထိုးတက်သွားတယ်။"*

**ကရင်ပြည်နယ်မှ အမျိုးသား၊ ၄၁ နှစ်** *"မီးရှို့တာတွေ၊ ပစ်ခတ်တာတွေကြားရတာ တော်တော်စိတ်မကောင်းဘူး။ ကုန်စျေးနှုန်းတွေကလည်း တက်နေတယ်။"*

**ချင်းပြည်နယ်က အမျိုးသမီး၊ ၂၁ နှစ်** *"ဗုံးသံတွေ၊ သေနတ်သံတွေကြောင့် ခရီးသွားရတာ ခက်ခဲလာပြီး မလုံခြုံတော့ဘူး။ စီးပွားရေးလုပ်ရတာလည်း ခက်ခဲတယ်။ အဆင်မပြေဘူး။ ကုန်စျေးနှုန်းတွေကလည်း အတက်ချည်းပဲ။"*

**စစ်ကိုင်းဒေသကြီးမှ အမျိုးသား၊ ၃၆ နှစ်** *"ဖေဖော်ဝါရီလနောက်ပိုင်း ကုန်စျေးနှုန်းတွေက တက်လာတယ်။ တည်ငြိမ်အေးချမ်းမှု မရှိရင် အခုထက်ပိုပြီး ခက်ခဲလာနိုင်တယ်။"*

**ဧရာဝတီတိုင်းဒေသကြီးမှ အမျိုးသမီး၊ ၃၉ နှစ်** *"ကျောင်းသားတွေအတွက် ကျွန်မ စိတ်ပူတယ်။ ကုန်စည်စျေးနှုန်းတွေ ဘယ်လောက်ဖြစ်ကုန်ပြီလဲဆိုကို သိနေတော့ စားဝတ်နေရေးအတွက် စိတ်ပူနေရတယ်။"*

**ပုံ (Word Cloud) "လွန်ခဲ့သည့်လအနည်းငယ်အတွင်း မြန်မာနိုင်ငံတွင် နေထိုင်ရသည့်အခြေအနေကို ကျေးဇူး ပြု၍ ပြောပြပေးပါ"**

ပုံ (၂.၁) တွင် အိမ်ထောင်စုများမှ ဝင်ငွေလျော့နည်းကျဆင်းလာမှုအား ရင်ဆိုင်ကျော်လွှားရန် အသုံးပြုနေကြသည့် နည်းလမ်း





[၂၂] https://asia.nikkei.com/Spotlight/Myanmar-Coup/Myanmar-s-cash-shortage-casts-shadow-despite-rise-in-activity

**အမျိုးမျိုး**ကို ဖော်ပြထားပါသည်။ ယခုအချိန်အထိ အိမ်ထောင်စုများ **အဓိကအသုံးပြုသည့် နည်းလမ်းမှာ အစားအသောက် မဟုတ်သော ပစ္စည်းများကို သုံးစွဲမှုလျှော့ချခြင်း (၆၈.၁ ရာခိုင်နှုန်း) ဖြစ်ပါသည်။**

ပုံ (၂.၂) တွင် ကမ္ဘာ့ဘဏ်၏ ကြိမ်နှုန်းမြင့်စစ်တမ်းများနှင့် ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းနှစ်ခုစလုံးမှ အချက်အလက်များကို ဖော်ပြထားပြီး ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များစတင်ပြီးနောက်ပိုင်း **အစားအသောက်မဟုတ်သောပစ္စည်းများ**

**ပုံ - ၂.၁ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း အိမ်ထောင်စုများ အသုံးပြုသည့် အကျပ်အတည်း ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းများ (ရာခိုင်နှုန်းဖြင့်)**





**သုံးစွဲမှုလျှော့နည်းသွားမှုသည် ၂၀၂၀ ခုနှစ်၊ မေလတွင် ၅၃.၀ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရမည်ဖြစ်သည်။ သြဂုတ်လတွင် ကန့်သတ်ချက်များကို ဖြေလျှော့ပေးလိုက်သောအခါ ထိုရာခိုင်နှုန်းသည် ၃၂.၀ အထိ ပြန်ကျသွားခဲ့ပြီး ကန့်သတ်ချက် အသစ်များ ပြန်လည်ချမှတ်သောအခါ ပြန်တက်လာကာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်းတွင် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။** အချက်အလက်များအား အသေးစိတ်လေ့လာကြည့်မည်ဆိုလျှင် **ပဋိပက္ခဖြစ်ပွားရာ အနီးအနားတွင်နေထိုင်သော အိမ်ထောင်စုများကြားတွင် အစားအသောက်မဟုတ်သော ပစ္စည်းများ[၂၃] သုံးစွဲမှုလျှော့ချခြင်းအား အသုံးပြုသောအိမ်ထောင်စုမှာ ၇၆.၂ ရာခိုင်နှုန်း ရှိသည်**ကို တွေ့ရမည်ဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်းဖြစ်ရပ်များကြောင့် ဝယ်လိုအားဖက်ကိုကြည့်လျှင် ပြည်သူများတွင် အချို့ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူရန် ငွေကြေးနည်းပါးလာပြီး ရောင်းလိုအားဖက်ကိုကြည့်လျှင် အချို့ထုတ်ကုန်ပစ္စည်းများကို ရရှိရန် ပိုခက်ခဲလာစေပါသည်။ ထို့ပြင် စားသုံးဆီကဲ့သို့သော ကုန်ပစ္စည်းအချို့၏ ဈေးနှုန်းသည် များစွာမြင့်တက်လာခဲ့ပြီး အထူးသဖြင့် ပဋိပက္ခဒဏ်ခံရသော ဒေသအချို့တွင် အခြေအနေ ပိုဆိုးပါသည်။

အိမ်ထောင်စုများ၏ လေးပုံတစ်ပုံကျော် **(၂၈.၈ ရာခိုင်နှုန်း) က ဝင်ငွေလျော့နည်းသွားမှုအတွက် ၎င်းတို့၏ စုဆောင်းငွေများကို ထုတ်သုံးခဲ့ကြသည်**ဟု ဖြေဆိုပါသည်။ **မြို့ပြဒေသများတွင် ဤသို့ စုဆောင်းငွေ ထုတ်သုံးရသည့် အိမ်ထောင်စုမှာ ၃၂.၅ ရာခိုင်နှုန်းအထိ မြင့်တက်သွားပါသည်။** ပုံ (၂.၂) ရှိ ကမ္ဘာ့ဘဏ်၏ ကြိမ်နှုန်းမြင့်စစ်တမ်းများ (၂၀၂၀ ခုနှစ်၊ မေလမှ အောက်တိုဘာလ) ကို ကြည့်လျှင် **၂၀၂၀ ခုနှစ်အတွင်းတွင် စုဆောင်းငွေများကို ထုတ်သုံးခြင်းသည် အကျပ်အတည်း ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းတစ်ခုအဖြစ် တစ်သမတ်တည်း ရှိနေခဲ့သော်လည်း ယခုအခါ ဤနည်းလမ်း ကို သုံးစွဲမှုလျှော့နည်းလာကြောင်း ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းက ညွှန်ပြနေပါသည်။**

---

၂၃ အစားအသောက်မဟုတ်သော ပစ္စည်းများတွင် အဝတ်အစား၊ ဖုန်းငွေဖြည့်ခြင်း၊ စသည်တို့ ပါဝင်ပါသည်။

## ပုံ - ၂.၂ ၂၀၂၀ ခုနှစ်၊ မေလမှ ၂၀၂၁ ခုနှစ် မေ/ဇွန်လအတွင်း အသုံးပြုသောအကျပ်အတည်း ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းများ (ရာခိုင်နှုန်း)




၂၀၂၀ ခုနှစ်မှ အချက်အလက်များအား ကမ္ဘာ့ဘဏ်၏ ကြိမ်နှုန်းမြင့်စစ်တမ်းများမှ ရယူပါသည်။[၂၄]
ပုံ (၂.၂) တွင် ပါရှိသည့် အမျိုးအစားအုပ်စုများအား မည်သို့ ခွဲခြားသတ်မှတ်ကြောင်း ဖော်ပြချက်ကို နောက်ဆက်တွဲ (၁) တွင် ဖတ်ရှုပါရန်။

အိမ်ထောင်စုများ၏ လေးပုံတစ်ပုံကျော် (၂၈.၈ ရာခိုင်နှုန်း)က ဝင်ငွေလျော့နည်းသွားမှု အတွက် ၎င်းတို့၏ စုဆောင်းငွေများကို ထုတ်သုံးခဲ့ကြသည်ဟု ဖြေဆိုပါသည်။ မြို့ပြဒေသများတွင် ဤသို့ စုဆောင်းငွေထုတ်သုံးရသည့် အိမ်ထောင်စုမှာ ၃၂.၅ ရာခိုင်နှုန်းအထိ မြင့်တက်သွားပါသည်။ ပုံ (၂.၂) ရှိ ကမ္ဘာ့ဘဏ်၏ ကြိမ်နှုန်းမြင့် စစ်တမ်းများ (၂၀၂၀ ခုနှစ်၊ မေလမှ အောက်တိုဘာလ) ကို ကြည့်လျှင် ၂၀၂၀ ခုနှစ်အတွင်းတွင် စုဆောင်းငွေများကို ထုတ်သုံးခြင်းသည် အကျပ်အတည်းရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းတစ်ခုအဖြစ် တစ်သမတ်တည်း ရှိနေခဲ့သော်လည်း ယခုအခါ ဤနည်းလမ်းကို သုံးစွဲမှုလျော့နည်းလာကြောင်း ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းက ညွှန်ပြနေပါသည်။

**ရခိုင်ပြည်နယ်မှ အမျိုးသမီး၊ ၃၃ နှစ်** *“လက်ရှိအခြေအနေကြောင့် ဘဏ်တွေ ပိတ်ထားပြီး ဘဏ်မှာ စုထားတဲ့ ငွေတွေလည်း ထုတ်လို့မရဘူး။ အဲဒါကြောင့် အလျင်မီအောင် လုပ်ဖို့ခက်ခဲနေတယ်။”*


**ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသား၊ ၄၉ နှစ်** *“ကုန်သွယ်ရေး၊ ရောင်းဝယ်ရေး၊ နေရေးထိုင်ရေးနဲ့ သွားရေးလာရေးတွေမှာ အခက်အခဲတွေ အများကြီးတွေ့ပါတယ်။ တစ်ခုခုကို ရောင်းပြီးရင်လည်း ပိုက်ဆံက ချက်ချင်းမရဘူး။ အကြွေးပေးရတယ်။ ငွေသားချက်ချင်းလိုချင်ရင် ရာခိုင်နှုန်းပေးရတယ်။ အပြည့်မရဘူး။”*

ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း စုဆောင်းငွေများကို မှီခိုခဲ့ရသည်ဟု ဖြေဆိုသူများ၏ ငါးပုံ နှစ်ပုံနီးပါး (၃၈.၇ ရာခိုင်နှုန်း) က ယခုအခါ၎င်းတို့တွင် ထပ်မံထုတ်ယူသုံးစွဲရန် စုဆောင်းငွေများ မရှိတော့ဟုဆိုကြောင်း ပုံ (၂.၃) တွင် ဖော်ပြထားပါသည်။ နောက်ထပ် ၄၆.၄ ရာခိုင်နှုန်းကလည်း စုထားသည့်ငွေများသည် တစ်လစာမှ သုံးလစာအတွက်သာ ကျန်တော့သည်ဟု ဆိုပါသည်။ ထိုသို့သော အိမ်ထောင်စုများသည် ကျေးလက်ဒေသမှာထက် (၃၄.၃ ရာခိုင်နှုန်း) မြို့ပြဒေသတွင် (၄၆.၉ ရာခိုင်နှုန်း) သိသိသာသာ ပိုများပါသည်။

၂၄ https://documents1.worldbank.org/curated/en/467541608135506920/pdf/Myanmar-COVID-19-Monitoring-Platform-Results-from-the-October-2020-High-Freqency-Phone-Survey-of-Households.pdf

စုဆောင်းငွေများအား ထုတ်ယူသုံးစွဲနေရသည့်အခြေအနေကို ပိုဆိုးစေသည့်အချက်မှာ ငွေသားရှားပါးပြတ်လပ်ခြင်းပြဿနာဖြစ်ပြီး နိုင်ငံတစ်ဝှမ်းလုံးတွင် လူများသည် ဘဏ်များ၌အပ်နှံထားသော ငွေများကိုထုတ်ယူရာတွင် အခက်အခဲများ ကြုံတွေ့ကြရပါသည်။ အချက်အလက်များကောက်ယူနေစဉ်တွင် မြန်မာနိုင်ငံရှိ အကြီးဆုံးဘဏ်တစ်ခုဖြစ်သော KBZ ဘဏ်သည် တစ်ရက်လျှင် မြန်မာကျပ်ငွေ ၂၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁၂၀ ခန့်) သာထုတ်ယူခွင့်ပြုမည်ဟု ကန့်သတ်ထားပါသည်။

## ပုံ – ၂.၃ စုဆောင်းငွေအပေါ်မှီခိုနေရသော အိမ်ထောင်စုများ၏ ကျန်ရှိနေသည့်စုဆောင်းငွေများ ဆက်လက်သုံးစွဲနိုင်မည့် လအရေအတွက် (ရာခိုင်နှုန်း)




ဘဏ်များမှ ငွေထုတ်ယူရန် အခက်အခဲများသည် **ဘဏ်မှ ချေးငွေရယူအသုံးပြုမှု လျော့နည်းလာရခြင်း** အကြောင်းရင်းတစ်ခုလည်းဖြစ်ပါသည်။ **၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် အိမ်ထောင်စုများ၏ ၃၉.၀ ရာခိုင်နှုန်းသည် ဘဏ်များမှ ချေးငွေရယူခဲ့ကြပြီး မေ/ဇွန်လတွင် ထိုရာခိုင်နှုန်းသည် ၂၉.၅ သို့ ကျဆင်းသွားခဲ့ပါသည်** (ပုံ ၂.၂)။




မြို့ပြဒေသမှ အိမ်ထောင်စုလေးစုတွင် တစ်စုကျော်သည် စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် မော်တော်ဆိုင်ကယ်တစ်စီး ရောင်းချခဲ့ပါသည်။

ငွေသားရရှိရန် ခက်ခဲသည့်အချိန်တွင် လူများအသုံးပြုသည့် နောက်ထပ်နည်းလမ်းတစ်ခုမှာ ပိုင်ဆိုင်ပစ္စည်းများကို ရောင်းချခြင်းဖြစ်ပြီး လွန်ခဲ့သောလအနည်းငယ်အတွင်း ဤနည်းလမ်းကို အသုံးပြုမှု သိသိသာသာမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ တွင် ပိုင်ဆိုင်ပစ္စည်းများကို ရောင်းချခဲ့သည်ဟု ဖြေဆိုသော အိမ်ထောင်စုများမှာ ၁၄.၀ ရာခိုင်နှုန်း ရှိပြီး ၂၀၂၁ ခုနှစ်၊ မေ/ဇွန်လတွင် ထိုသို့ဖြေဆိုသော အိမ်ထောင်စုများသည် ၂၆.၅ ရာခိုင်နှုန်းအထိ မြင့်တက်သွားပါသည်။

အဓိကရောင်းချသည့်ပစ္စည်းများမှာ ရွှေနှင့် လက်ဝတ်ရတနာများ ဖြစ်ပါသည်(ပုံ ၂.၄)။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နောက်ပိုင်း နေထိုင်မှုစရိတ်များကာမိစေရန်အတွက် ကျေးလက်နေအိမ်ထောင်စုများ၏သုံးပုံတစ်ပုံသည် မွေးမြူရေး တိရစ္ဆာန်များကို ရောင်းချခဲ့ကြပြီး မြို့ပြအိမ်ထောင်စုများ၏ ၂၇.၀ ရာခိုင်နှုန်းသည် မော်တော်ဆိုင်ကယ်တစ်စီး ရောင်းချခဲ့ပါသည်။


## ပုံ – ၂.၄ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ပိုင်ဆိုင်ပစ္စည်းများအား ရောင်းချခဲ့သည့် အိမ်ထောင်စုများ အချိုးအစား၊ ပစ္စည်းအမျိုးအစားအလိုက် (ရာခိုင်နှုန်းဖြင့်)




အခြားရောင်းချသည့်ပစ္စည်းများတွင် ခုတင်၊ စက်ဘီးများ၊ ထမင်းအိုးများ၊ စာအုပ်များ၊ လှေနှင့် ဖုန်းများ ပါဝင်ပါသည်။


ထိခိုက်လွယ်သော အိမ်ထောင်စုများအား လေ့လာမှုစစ်တမ်း ၂၀၂၀ နှင့် ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်း ၂၀၂၁ တို့အား နှိုင်းယှဉ်ဆန်းစစ်သည့် အချက်အလက်များအရ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း အဖြစ်အပျက်များကြောင့် အိမ်ထောင်စုဝင်ငွေလျော့နည်းရခြင်းသည် ကိုဗစ်–၁၉ ရောဂါကြောင့် လျော့နည်းရခြင်းလောက်မပြင်းထန်ဟု ယူဆနိုင်ဖွယ်ရှိပါသည် (ပုံ ၂.၅)။

## ပုံ – ၂.၅ အိမ်ထောင်စုလစဉ်ဝင်ငွေ လျော့နည်းသွားမှု (ရာခိုင်နှုန်းဖြင့်)



ဤတွေ့ရှိချက်အား အထောက်အပံ့ပြုနေသည်မှာ ကမ္ဘာ့ဘဏ်မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ဆောင်ရွက်ခဲ့သော သုတေသန[၂၅]မှ အချက်အလက်များဖြစ်ပါသည်။ ထိုသုတေသနလေ့လာတွေ့ရှိချက် (simulations) အရ စစ်အာဏာသိမ်းခြင်း၏ ဆင်းရဲနွမ်းပါးမှုအပေါ် သက်ရောက်မှုသည် ကိုဗစ်–၁၉ ပထမလှိုင်းနှင့် ဒုတိယလှိုင်း၏ သက်ရောက်မှုလောက် မပြင်းထန် (ဂရုပ်မျဉ်း မတ်စောက်ခြင်းမရှိ) ကြောင်း တွေ့ရှိရပါသည် (ပုံ ၂.၆)။ သို့သော် ထိုအချက်အလက်များသည် ကွဲပြားသော နည်းစနစ်များဖြင့် ဆောင်ရွက်သည့် မတူညီသော စစ်တမ်းနှစ်ခုမှ ဖြစ်သောကြောင့် နှိုင်းယှဉ်မှုပြုရာတွင် သတိကြီးစွာ ထားသင့်ပါသည်။

### ပုံ – ၂.၆ ဆင်းရဲနွမ်းပါးမှု နှိုင်းရအချိုး (ကိုဗစ်ရောဂါ မဖြစ်ပွားမီက ဆင်းရဲနွမ်းပါးမှုနှုန်းအား အခြေခံ ရည်ညွှန်းချက်အဖြစ် အသုံးပြုထားသည်။)[၂၆]




ရည်ညွှန်းချက် – ၂၀၁၇ ခုနှစ် မြန်မာနေထိုင်မှုအခြေအနေစစ်တမ်းမှ အချက်အလက်များပေါ်တွင် အခြေခံ၍ တည်ဆောက်ထားသော ကမ္ဘာ့ဘဏ်၏ အချက်အလက်စနစ်များ

သို့သော် ပြည်သူများသည် စစ်အာဏာသိမ်းမှုကြောင့် ထိခိုက်မှုများကို ပုံစံမျိုးစုံဖြင့် ခံစားကြရပြီး လူအများအပြားအတွက် အလွန်တရာထိတ်လန့်ဖွယ်ရာ ဖြစ်ခဲ့ပါသည်။ ရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့် Word Cloud ထဲတွင် ပြည်သူ့အခြေခံလိုအပ်ချက် စစ်တမ်းဖြေဆိုသူ ၁,၂၀၀ ဦးသည် "ခက်ခဲသည်" ဟူသော စကားလုံးကို အကြိမ်ပေါင်း ၂၃၄ ကြိမ် သုံးစွဲခဲ့ပါသည်။

၎င်းတို့၏ အိမ်ထောင်စုဝင်ငွေအပေါ် အပြင်းထန်ဆုံး ထိခိုက်စေသည့်အကြောင်းမှာ ကိုဗစ်–၁၉ ရောဂါလား သို့မဟုတ် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း အဖြစ်အပျက်များလားဟုမေးမြန်းသောအခါ **၇၅.၀ ရာခိုင်နှုန်းက "ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ဖြစ်ရပ်များ"** ဟုဖြေဆိုပါသည်။ ဤရလဒ်အား **ပြည်နယ်/တိုင်းဒေသကြီး၊ မြို့ပြ/ကျေးလက်၊ ပဋိပက္ခဖြစ်ပွားရာ အနီးအနား နေထိုင်မှု/မနေထိုင်မှုများအားလုံးတွင် တစ်ပြေးညီ တွေ့ရှိရပါသည်။**


**ဝင်ငွေဆုံးရှုံးမှုကိုဖြစ်စေသည့် အဓိကအကြောင်းရင်းဟု လူများထင်မြင်ယူဆသည့်အရာ (ကိုဗစ်–၁၉ ရောဂါထက် စစ်အာဏာသိမ်းမှုကြောင့်ဟု ယူဆချက်)** နှင့် **ဝင်ငွေဆုံးရှုံးမှုကို အမှန်တကယ်ဖြစ်စေခဲ့သော အကြောင်းရင်း (ကိုဗစ်–၁၉ ရောဂါက စစ်အာဏာသိမ်းမှုထက် ဝင်ငွေဆုံးရှုံးမှုကို ပိုဖြစ်စေခဲ့ကြောင်းတွေ့ရှိချက်)** တို့ကြား ကွဲလွဲမှုရှိနေပါသည်။ ဤသည်မှာ စစ်အာဏာသိမ်းမှုကြောင့် ထိတ်လန့်အံ့သြရမှုက အခြားအမှတ်ရစရာများအားလုံးကို ဖုံးလွှမ်းသွားခြင်းကြောင့် ဖြစ်နိုင်ပါသည်။ ထိုအချက်အပြင် ထင်မြင်ယူဆချက်ကွဲလွဲနေရခြင်း အကြောင်းရင်းတစ်ခုမှာ လူများသည် ယခုအခါ ခက်ခက်ခဲခဲ နည်းလမ်းရှာကာ အကျပ်အတည်းကို ရင်ဆိုင်ကျော်လွှားရန် ကြိုးပမ်းနေရသည့်အတွက် စစ်အာဏာသိမ်းမှုက ၎င်းတို့၏ အိမ်ထောင်စုဝင်ငွေကို ထိခိုက်စေခဲ့သည်ဟု ယူဆကြခြင်းလည်း ဖြစ်နိုင်ပါသည်။

---

၂၅ https://www.worldbank.org/en/country/myanmar/publication/myanmar-economic-monitor-july-2021-progress-threatened-resilience-tested

၂၆ စစ်အာဏာသိမ်းမှုဖြစ်ပွားပြီး ဝင်ငွေဆုံးရှုံးရမှုများအား အချက်အလက်စနစ်များတည်ဆောက်လေ့လာရာတွင် (Simulations) GDP ရှိ ကဏ္ဍအပြောင်းအလဲများကြောင့် အလုပ်အကိုင်ဆုံးရှုံးမှုများ ထပ်မံဖြစ်ပွားမှုနှင့် လုပ်သားခန့်ထား အသုံးပြုလိုမှုအခြေအနေ (elasticity of 0.7 – lower bound) တို့ ပါဝင်ပါသည်။

ပုံ – ၂.၇ အိမ်ထောင်စုဝင်ငွေအပေါ် အပြင်းထန်ဆုံး ထိခိုက်စေသော အကြောင်းရင်း – ကိုဗစ်–၁၉ သို့မဟုတ် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်းအဖြစ်အပျက်များ (ရာခိုင်နှုန်းဖြင့်)





ပုံ (၂.၂) တွင် ဖော်ပြပါရှိသည့်အတိုင်း အိမ်ထောင်စုများသည် ဖေဖော်ဝါရီ (၁) ရက်နေ့နောက်ပိုင်းတွင် ၎င်းတို့၏ ပိုင်ဆိုင်ပစ္စည်းများကို ရောင်းချခြင်း၊ စုဆောင်းငွေများ ထုတ်သုံးရခြင်း သို့မဟုတ် မိတ်ဆွေနှင့် မိသားစုဆွေမျိုးများထံမှ အကူအညီများကို မှီခိုအားထားရခြင်းတို့ များပြားလာပါသည်။ ဝင်ငွေလျော့နည်းလာပါက ပထမအဆင့်အနေဖြင့် အသုံးပြုသည့် အစားအသောက်မဟုတ်သော ပစ္စည်းများသုံးစွဲမှု လျှော့ချခြင်းထက် အဆိုပါနည်းလမ်းများကို သုံးစွဲရခြင်းသည် စိတ်ပူပန်စရာ၊ စိုးရိမ်စရာဖြစ်သောကြောင့် ဖြေဆိုသူများအနေဖြင့် စစ်အာဏာသိမ်းမှုသည် ၎င်းတို့၏ အိမ်ထောင်စုဝင်ငွေများအပေါ် သက်ရောက်မှုပိုမိုကြီးမားသည်ဟု ခံစားရနိုင်ပါသည်။

## ဆက်လက်စောင့်ကြည့်လေ့လာရန်

အချက်အလက်များအရ လူများသည် ၎င်းတို့၏ ကုန်ထုတ်လုပ်မှုအတွက် အသုံးပြုသော ပစ္စည်းများကို ရောင်းချကြရကြောင်း တွေ့ရှိရပါသည်။ ယင်းသည် အိမ်ထောင်စုများ၏ ပြန်လည်ထူထောင်ရေးကို နှောင့်နှေးစေမည်ဖြစ်ပြီး နိုင်ငံတွင်း အသွင်ကူးပြောင်းမှုများ လုပ်ဆောင်ခဲ့သည့် ဆယ်စုနှစ်အတွင်း ရရှိထားသော တိုးတက်မှုများ ပြန်လည်ရရှိရန် ခက်ခဲစေမည်ဖြစ်သည်။ ငွေသားရရှိနိုင်မှုအခြေအနေ ဆက်လက်ဆိုးရွားနေသည်နှင့်အမျှ အကျပ်အတည်းကို ရင်ဆိုင်ကျော်လွှားရန်အတွက် အစွန်းရောက်သောနည်းလမ်းများကို အသုံးပြုမှုအတိုင်းအတာအား ဆက်လက်စောင့်ကြည့် လေ့လာသွားရမည်ဖြစ်သည်။


# အခန်း (၃)

# စားနပ်ရိက္ခာရရှိမှုနှင့် ကျန်းမာရေး ဝန်ဆောင်မှုများအား လက်လှမ်းမီမှုဆိုင်ရာ သဘောထားအမြင် ပြောင်းလဲမှုများ



ဝင်ငွေလျော့နည်းကျဆင်းသွားမှုအား ရင်ဆိုင်ကျော်လွှားရန် အသုံးပြုသည့်အစွန်းရောက်သော နည်းလမ်းတစ်ခုမှာ အိမ်ထောင်စုအတွင်း အစားလျှော့စားခြင်းလည်း ပါဝင်ပါသည်။ **ဝမ်းနည်းဖွယ် ကောင်းသည်မှာ လွန်ခဲ့သော ဆယ်လတာ ကာလအတွင်း စားနပ်ရိက္ခာမဖူလုံမှု အခြေအနေသည် ဆိုးရွားလာကြောင်း ထင်ရှားစွာ တွေ့မြင်နေရပါသည်** (ပုံ ၃.၁)။

### ပုံ – ၃.၁ | အိမ်ထောင်စုများအတွင်း ပုံမှန်ထက် လျှော့စားခြင်း၊ ၂၀၂၀ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် (ရာခိုင်နှုန်းဖြင့်)




> **ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသမီး၊ ၃၅ နှစ်**
> *"အရင်ကဆိုရင် အစားအစာရဖို့က လွယ်တယ်။ လက်ရှိ နိုင်ငံရေးအခြေအနေကြောင့် အစားအသောက်ရဖို့က ခက်ပါတယ်။"*
>
> **မကွေးတိုင်းဒေသကြီးမှ အမျိုးသမီး၊ ၄၆ နှစ်**
> "အကြောက်တရားနဲ့နေနေရပါတယ်။ ညဘက်တွေ အိပ်လို့မပျော်ပါဘူး။ ဝင်ငွေလျော့သွားလို့ စားစရာလည်း နည်းနေပါတယ်။"

**အစားလျှော့စားခြင်းနည်းလမ်းကို မြို့ပြဒေသရှိ အိမ်ထောင်စုများနှင့် ကိုဗစ်–၁၉ဆိုင်ရာကန့်သတ်ချက်များ စတင်ပြီး နောက်ပိုင်း အလုပ်အကိုင်ဆုံးရှုံးခဲ့ရသူတစ်ဦးရှိသည့် အိမ်ထောင်စုများ အသုံးများကြောင်း** ဇယား (၃.၁) တွင် ပြသထားပါသည်။ လယ်ယာနှင့်မသက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခု ပိုင်ဆိုင်သည့် အိမ်ထောင်စုများတွင် ဤနည်းလမ်းကို သုံးစွဲစရာ မလိုအောင် အကာအကွယ်တစ်ခုခု ရှိနေဟန်တူပါသည်။ ထို့ပြင် **ကျေးလက်နေအိမ်ထောင်စုများ၏ ၁၃.၂ ရာခိုင်နှုန်းက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်းတွင် အိမ်ထောင်စု စားသုံးရန် သိုလှောင်ထားသော ကောက်ပဲသီးနှံများကို ရောင်းချခဲ့ရသည်ဟု ဆိုပါသည်။**

ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ဖိအားများကျရောက်နေသည့် မြန်မာနိုင်ငံ၏ ကျန်းမာရေးဝန်ဆောင်မှုစနစ်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ဖြစ်ရပ်များကြောင့် အခြေအနေသည် ပိုမိုဆိုးရွားလာပါသည်။ ကျန်းမာရေးဝန်ထမ်းအချို့ အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်နေပြီး စစ်တပ်မှ ဆေးရုံအချို့တွင် ဝင်ရောက်တပ်စွဲထားပါသည်။ ထို့အပြင် ကိုဗစ်–၁၉ ကူးစက်ခံရသူအရေအတွက် မြင့်တက်လျက်ရှိခြင်းကြောင့်လည်း အလွန်ကြီးမားသည့်ဖိအားများနှင့် ရင်ဆိုင်နေရပါသည်။


ဖြေဆိုသူများအား ၂၀၂၁ ခုနှစ်၊ ဧပြီ/မေလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုများရယူနိုင်မှုနှင့် စပ်လျဉ်း၍ ၎င်းတို့၏ အမြင်များကို မေးမြန်းခဲ့ပါသည်။ ဤမေးခွန်းကိုပင် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလက **ထိခိုက်လွယ်သော အိမ်ထောင်စုများအား လေ့လာမှုစစ်တမ်း(၂၀၂၀)** ဖြေဆိုသူများကိုလည်း မေးမြန်းခဲ့ဖူးပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုများရယူရန် ပိုမိုခက်ခဲလာကြောင်း ဖြေဆိုမှုများ များစွာမြင့်တက်လာမှုကို ပုံ (၅.၁) တွင် တွေ့ရမည်ဖြစ်သည်။ **၂၀၂၀ ခုနှစ် အောက်တိုဘာလက ယခင်ကထက် ခက်ခဲကြောင်း ဖြေဆိုသူမှာ ၂၆.၉ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ မေ/ဇွန်လမတိုင်မီ ထိုသို့ဖြေဆိုသူသည် နှစ်ဆကျော်တိုးလာပြီး ၆၀.၆ ရာခိုင်နှုန်း ဖြစ်သွားပါသည်။**

**ဇယား – ၃.၁** **၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်းတွင် အိမ်ထောင်စုများသည် ငွေမရှိခြင်းကြောင့် သို့မဟုတ် နေထိုင်မှုစရိတ်များကို ကာမိစေမည့် အခြားအရင်းအမြစ်များမရှိခြင်းကြောင့် အစားလျှော့စားခဲ့ခြင်း ရှိ/မရှိ ဆန်းစစ်ခြင်း (ရာခိုင်နှုန်းဖြင့်)**

| အိမ်ထောင်စုအမျိုးအစားအုပ်စု | ရှိ | မရှိ | စုစုပေါင်း |
|---|---|---|---|
| ပြည်ထောင်စု | ၆၁.၄ | ၃၈.၇ | ၁၀၀% |
| ကျေးလက် | ၅၈.၃ | ၄၁.၇ | ၁၀၀% |
| မြို့ပြ | ၆၂.၈ | ၃၇.၂ | ၁၀၀% |
| (လယ်ယာနှင့် မသက်ဆိုင်သော) စီးပွားရေးလုပ်ငန်းတစ်ခု ပိုင်ဆိုင်သော အိမ်ထောင်စု | ၆၄.၄ | ၃၅.၆ | ၁၀၀% |
| (လယ်ယာနှင့် မသက်ဆိုင်သော) စီးပွားရေးလုပ်ငန်းတစ်ခု ပိုင်ဆိုင်ခြင်းမရှိသော အိမ်ထောင်စု | ၅၉.၂ | ၄၀.၈ | ၁၀၀% |
| ကိုဗစ်–၁၉ ဆိုင်ရာ ကန့်သတ်ချက်များ စတင်ပြီး နောက်ပိုင်း အလုပ်အကိုင်ဆုံးရှုံးခဲ့ရသူ ရှိသော အိမ်ထောင်စု | ၅၅.၂ | ၄၄.၈ | ၁၀၀% |
| ကိုဗစ်–၁၉ ဆိုင်ရာ ကန့်သတ်ချက်များစတင်ပြီး နောက်ပိုင်း အလုပ်အကိုင်ဆုံးရှုံးခဲ့ရသူ မရှိသော အိမ်ထောင်စု | ၆၃.၃ | ၃၆.၇ | ၁၀၀% |

ပြည်နယ်/တိုင်းဒေသကြီး၊ ပဋိပက္ခဖြစ်ပွားရာ အနီးအနားတွင် နေထိုင်မှု သို့မဟုတ် ကလေးရှိသော အိမ်ထောင်စုတို့ကြား ကွာခြားချက်သည် ၁ ရာခိုင်နှုန်း အောက်သာ ရှိပါသည်။

**ပုံ – ၃.၂** **လွန်ခဲ့သောလအတွင်း ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီ ရယူနိုင်မှုအပေါ် သဘောထားအမြင် (စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း)**




မြို့ပြအိမ်ထောင်စုများကြားတွင် ကျန်းမာရေးစောင့်ရှောက်မှုများရယူနိုင်မှု ကျဆင်းသွားသည်ဟု ဖြေဆိုသူရာခိုင်နှုန်း မြင့်တက်လာမှု အများဆုံးဖြစ်ပါသည် (၂၀၂၀ ခုနှစ်တွင် ၁၉.၄ ရာခိုင်နှုန်းသာ ရှိသော်လည်း ၂၀၂၁ ခုနှစ်တွင် ယခင်ကထက်ပို၍ ခက်ခဲလာသည်ဟု ဖြေဆိုသူမှာ ၅၈.၄ ရာခိုင်နှုန်းအထိ မြင့်တက်လာပါသည်)။ သို့သော် ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီရရှိရန်ပိုမို ခက်ခဲလာသည်ဟု ဖြေဆိုမှုရာခိုင်နှုန်းအများဆုံးကို ကျေးလက်နေအိမ်ထောင်စုများတွင် တွေ့ရပါသည်။ အမျိုးသမီးများသည် ကျန်းမာရေးစောင့်ရှောက်မှုများရရှိနိုင်မှုအခြေအနေ ပိုဆိုးလာသည်ဟု ဖြေဆိုနိုင်ခြေပိုများပါသည် (အမျိုးသမီးများ၏ ၆၃.၂ ရာခိုင်နှုန်းက ထိုသို့ဖြေဆိုသော်လည်း အမျိုးသားများတွင် ထိုသို့ဖြေဆိုသူ ၅၇.၈ ရာခိုင်နှုန်းသာရှိ)။

**ကပ်ရောဂါ သို့မဟုတ် စစ်အာဏာသိမ်းမှု မဖြစ်ပွားမီ ၂၀၁၉ ခုနှစ်တွင် ကျန်းမာရေးဝန်ဆောင်မှုများသည် ပြည်သူများ စိတ်ကျေနပ်မှုအရရှိဆုံး အစိုးရဝန်ဆောင်မှုများထဲမှ တစ်ခုဖြစ်ပါသည်။**[၂၇]


၂၇ https://www.mm.undp.org/content/myanmar/en/home/library/democratic_governance/public-perception-survey-of-government-services.html

**မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား၊ ၂၃ နှစ်** *"မြို့ပေါ်ကိုသွားရရင် အပစ်ခံရမှာ၊ အဖမ်းခံရမှာ ကြောက်နေရတယ်။ အစိုးရဆေးရုံမဟုတ်တဲ့ ပုဂ္ဂလိကဆေးရုံတွေ သွားရင်လည်း CDM လှုပ်ရှားမှုကြောင့် ဆရာဝန်တွေက ဆေးကုပေးဖို့ အခက်အခဲရှိပါတယ်။ ဆေးရုံမှာ ရေရှည်တက်ရောက် ကုသရမယ့်လူနာတွေအတွက်လည်း လုံခြုံမှုမရှိတော့ဘူး။"*

**ရှမ်းပြည်နယ်မှ အမျိုးသမီး၊ ၃၄ နှစ်** *"ကုန်ဈေးနှုန်းတွေက တက်နေတယ်။ ကျွန်မတို့မှာ အထိတ်တလန့်နဲ့ နေနေရတယ်။ ဆေးကုဖို့ တခြားမြို့နယ်ကို သွားရတော့ လက်ထဲမှာပိုက်ဆံမရှိရင် အဆင်မပြေဘူး။ အချိန်မရွေး တစ်ခုခုထဖြစ်နိုင်တယ်ဆိုပြီး အမြဲစိုးရိမ်ပူပန်နေရပါတယ်။"*

**ဧရာဝတီတိုင်းဒေသကြီးမှ အမျိုးသား၊ ၂၈ နှစ်** *"ရွာမှာ ဆေးကုဖို့ ဆေးရုံမရှိဘူး။ နေမကောင်းရင် မြို့ပေါ်သွား ဆေးကုဖို့လည်း မလွယ်ဘူး။"*

### ပုံ – ၃.၃ ၂၀၁၉ ခုနှစ် ကျန်းမာရေးဝန်ဆောင်မှုများအပေါ် စိတ်ကျေနပ်မှုအဆင့် (ရာခိုင်နှုန်းဖြင့်)




ရည်ညွှန်းချက် – ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ပြည်သူလူထု၏ သဘောထားအမြင်စစ်တမ်း၊ ၂၀၁၉

## ဆက်လက်စောင့်ကြည့်လေ့လာရန်


အရေးပေါ်ခွဲစိတ်ကုသမှုများ မပြုလုပ်နိုင်သဖြင့် အပတ်တိုင်း လူပေါင်းရာနှင့်ချီ၍ သေဆုံးနေပါသည်။ ကလေးများအား ကာကွယ်ဆေးထိုးနှံသည့် အစီအစဉ်များအပါအဝင် ရောဂါကြိုတင်ကာကွယ်ရေးအစီအစဉ်များမှာလည်း ရပ်တန့်နေပါသည်။ လက်ရှိအုပ်ချုပ်နေသူများလက်အောက်တွင် အလုပ်လုပ်ရန် ငြင်းဆိုသော ဆေးပညာရှင်ဆရာဝန် အများအပြားသည် ပုဂ္ဂလိကဆေးရုံများ သို့မဟုတ် လျှို့ဝှက်ဖွင့်လှစ်ထားသော ဆေးခန်းများတွင် လူနာများအားကုသပေးနေပါသည်။ သို့သော် အစိုးရဆေးရုံကြီးများတွင်သာ ဆောင်ရွက်ပေးနိုင်သော အထူးကုဝန်ဆောင်မှုများကို ထိုဆေးရုံဆေးခန်းများတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။ ကျန်းမာရေးစောင့်ရှောက်မှုများအား လက်လှမ်းမီရယူနိုင်မှုနှင့် ပတ်သက်၍ ပြည်သူများ၏ သဘောထားအမြင်များကို ဆက်လက်စောင့်ကြည့်လေ့လာသွားရန် အရေးကြီးပါသည်။

# အခန်း (၄) ပြည်တွင်းပြည်ပ ရွှေ့ပြောင်းသွားလာခြင်း




ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းတွင် ပါဝင်ဖြေဆိုပေးသော အိမ်ထောင်စုများ၏ ၃ ရာခိုင်နှုန်းခန့်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းတွင် ရွှေ့ပြောင်းသွားလာမှုများရှိပါသည်။ မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း ၁၁ သန်းခန့်ရှိသဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလနောက်ပိုင်းတွင် အိမ်ထောင်စုပေါင်း ၃၀၀,၀၀၀ ခန့်သည် ရွှေ့ပြောင်းသွားလာမှုများ ပြုလုပ်သည်ဟု တွက်ဆနိုင်ပါသည်။ ရွှေ့ပြောင်းသူများသည် မြို့ပြတွင်နေထိုင်သူများ ဖြစ်နိုင်ခြေ အနည်းငယ်ပိုများကြောင်း[၂၈] ပုံ (၄.၁) တွင် တွေ့ရှိနိုင်ပါသည်။

ပုံ – ၄.၁ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်း မြို့ပြ/ကျေးလက်ဒေသအလိုက် ရွှေ့ပြောင်းသွားလာနေထိုင်သော အိမ်ထောင်စုများဖော်ပြထားခြင်း (ရာခိုင်နှုန်းဖြင့်)




အခြားနိုင်ငံများသို့ သွားရောက်ရန် လူများတွင် အရင်းအမြစ်များ သို့မဟုတ် ခွင့်ပြုချက်များ မရှိသဖြင့် နိုင်ငံရပ်ခြားသို့ သွားရောက်ရန် မလွယ်ကူပါ။ ဖြေဆိုသူများ၏ ရာခိုင်နှုန်းအနည်းငယ် (၃.၃ ရာခိုင်နှုန်း) ကမူ ၎င်းတို့၏ အိမ်ထောင်စုအတွင်းတွင် တစ်စုံတစ်ဦးသည် လာမည့် ၁၂ လအတွင်း နိုင်ငံရပ်ခြားသို့ သွားရောက်ရန် အစီအစဉ်ရှိသည်ဟု ဆိုပါသည်။ ထိုသို့ ဖြေဆိုသူအနည်းငယ်ထဲမှ ထက်ဝက်ကျော် (၅၄.၉ ရာခိုင်နှုန်း) သည် နိုင်ငံခြားသွားရန်အတွက် လိုအပ်သည့် ပြင်ဆင်မှုများကို စတင်ပြုလုပ်နေပြီ ဖြစ်ပါသည် (ပုံ ၄.၃)။ နိုင်ငံခြားသို့ သွားရန်ရှိသည့် အနည်းငယ်မျှသောသူများအတွက် အများဆုံးသွားရောက်မည့် နိုင်ငံသုံးခုမှာ ဂျပန်၊ ထိုင်းနှင့် စင်္ကာပူနိုင်ငံတို့ဖြစ်ပါသည်။

ပုံ – ၄.၂ လာမည့် ၁၂ လအတွင်း နိုင်ငံရပ်ခြားသို့ သွားရောက်ရန် စီစဉ်နေသော အိမ်ထောင်စုဝင် အနည်းဆုံး တစ်ဦးရှိသည့် အိမ်ထောင်စုများ အချိုးအစား (ရာခိုင်နှုန်းဖြင့်)





၂၈ ရွှေ့ပြောင်းသူ ၃၅ ဦးကိုသာ အခြေခံ၍ ခန့်မှန်းခြင်း ဖြစ်သောကြောင့် ဤအချက်အလက်ကို သတိထား၍ အသုံးပြုသင့်ပါသည်။

ဇယား – ၄.၁ ရွှေ့ပြောင်းသွားလာသူများ သွားရောက်မည့် နိုင်ငံများ

| သွားရောက်မည့်နိုင်ငံ | သွားရောက်မည့်သူအရေအတွက် |
|---|---|
| ဂျပန် | ၁၃ |
| ထိုင်း | ၁၂ |
| စင်္ကာပူ | ၈ |
| ကိုရီးယား | ၄ |
| အမေရိကန်ပြည်ထောင်စု | ၄ |
| တရုတ် | ၂ |
| မလေးရှား | ၂ |
| ဆွီဒင် | ၁ |
| မသေချာသေး | ၃ |
| **စုစုပေါင်း** | **၃၉** |

ပုံ – ၄.၃ လာမည့် ၁၂ လအတွင်း နိုင်ငံရပ်ခြားသို့ သွားရောက်ရန်လိုအပ်သည့် ပြင်ဆင်မှုများ စတင်ပြုလုပ်နေမှု (ရာခိုင်နှုန်းဖြင့်)




**စစ်ကိုင်းဒေသကြီးမှ အမျိုးသမီး၊ ၃၀ နှစ်** *“နိုင်ငံရေးအခြေအနေကြောင့် ကျွန်မတို့ရွာကလူတွေ တခြားနိုင်ငံတွေကို ထွက်သွားကြတာမြင်တော့ စိတ်မကောင်းဖြစ်မိတယ်။”*

**မကွေးတိုင်းဒေသကြီးမှ အမျိုးသမီး၊ ၃၂ နှစ်** *“ကျွန်မကတော့ နိုင်ငံရေးအခြေအနေ မတည်ငြိမ်တာကို စိတ်ညစ်တယ်။ နိုင်ငံခြားမှာ သွားနေချင်တယ်။”*

# အခန်း (၅) သုံးသပ်ချက်များ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း အဖြစ်အပျက်များသည် အိမ်ထောင်စုများအပေါ် ကြီးမားပြင်းထန်သော စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ ဆက်လက်ဖြစ်ပေါ်စေခဲ့ပါသည်။ အိမ်ထောင်စုများ၏ လေးပုံသုံးပုံနီးပါးက ထိုနေ့နောက်ပိုင်းတွင် ဝင်ငွေများ လျော့နည်းကျဆင်းခဲ့သည်ဟုဆိုပါသည်။ မြို့ပြအိမ်ထောင်စုများနှင့် လယ်ယာနှင့်မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်နေသည့် အိမ်ထောင်စုများအပေါ် ထိခိုက်မှုအများဆုံး ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလကြားကာလနှင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ မေ/ဇွန်လကြားကာလတို့အား နှိုင်းယှဉ်ကြည့်သောအခါ ဝင်ငွေကျဆင်းသွားသည်ဟုဆိုသော အိမ်ထောင်စုများသည် ပျမ်းမျှအားဖြင့် ၎င်းတို့အိမ်ထောင်စုဝင်ငွေ၏ လေးပုံတစ်ပုံကို ဆုံးရှုံးကြခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ အိမ်ထောင်စုများသည် ဝင်ငွေများကျဆင်းရုံသာမက နိုင်ငံရပ်ခြားမှ ပေးပို့သော လွှဲပို့ငွေများလည်း များစွာကျဆင်းသွားပါသည်။ လွှဲပို့ငွေများကို လက်ခံရရှိသည့် အိမ်ထောင်စုများသည် ၂၀၁၇ ခုနှစ်တွင် ၁၉.၅ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်၊ မေ/ဇွန်လတွင် ၂.၄ ရာခိုင်နှုန်းအထိ ထိုးကျသွားပါသည်။ ယခုအခါ ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်း ဖြေဆိုသော အိမ်ထောင်စုများတွင် ဝင်ငွေရရှိနိုင်သော ရင်းမြစ်များသည်လည်း ပိုမိုနည်းပါးနေပါသည်။ ဖြေဆိုသူဆယ်ဦးတွင် တစ်ဦးက လက်ရှိအချိန်တွင် ၎င်းတို့၏အိမ်ထောင်စုတွင် မည်သည့်နေရာကမျှ ငွေဝင်ခြင်းမရှိဟုဆိုပါသည်။

အိမ်ထောင်စုအများအပြားသည် ကြီးမားသည့်အခက်အခဲများကို ရင်ဆိုင်နေရသော်လည်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများထံမှ ငွေသား သို့မဟုတ် ပစ္စည်းအထောက်အပံ့ လက်ခံရရှိသည်ဟု ဖြေဆိုသောအိမ်ထောင်စုများမှာ နှစ်ရာခိုင်နှုန်းသာ ရှိပါသည်။

အိမ်ထောင်စုများသည် ဝင်ငွေကျဆင်းမှုကို ၎င်းတို့ဘာသာ ရင်ဆိုင်ကျော်လွှားနိုင်ရန် အဓိကလုပ်ဆောင်သောအရာမှာ အစားအသောက်မဟုတ်သော ပစ္စည်းများသုံးစွဲမှုကို လျှော့ချခြင်းဖြစ်ပါသည်။ ထို့ပြင် နေထိုင်မှုစရိတ်များကာမိစေရန်အတွက် ပိုင်ဆိုင်ပစ္စည်းများကို ရောင်းချခြင်းကိုလည်း တိုးမြှင့်ပြုလုပ်လာကြရာ အဓိကရောင်းချသည့် ပစ္စည်းများမှာ ရွှေ သို့မဟုတ် လက်ဝတ်ရတနာများ၊ မွေးမြူရေးတိရစ္ဆာန်များနှင့် မော်တော်ဆိုင်ကယ်များဖြစ်ပါသည်။ အိမ်ထောင်စုများ၏ လေးပုံတစ်ပုံကျော်ကမူ ၎င်းတို့၏ ဝင်ငွေလျော့နည်းကျဆင်းသွားမှုကို ကာမိစေရန် စုဆောင်းထားသော ငွေများကို ထုတ်ယူသုံးစွဲကြပြီး ဤသည်ကို မြို့ပြဒေသများတွင် ပိုမိုတွေ့ရှိရပါသည်။

စုဆောင်းငွေများ ထုတ်ယူသုံးစွဲကြသည့် အိမ်ထောင်စုများ၏ ငါးပုံနှစ်ပုံက ၎င်းတို့တွင် ထပ်မံသုံးစွဲစရာ စုဆောင်းငွေများ မကျန်တော့ဟု ဆိုပါသည်။ ဤသည်ကိုလည်း ကျေးလက်ဒေသများထက် မြို့ပြဒေသများတွင် ပိုမိုတွေ့ရှိရပါသည်။ ဘဏ်တစ်ခုမှ ချေးငွေရယူသည့်နည်းလမ်းကို အသုံးပြုမှုသည် တဖြည်းဖြည်းလျော့နည်းလာပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါအပြင် ပဋိပက္ခဖြစ်ပွားရာ အနီးအနားတွင် နေထိုင်သော အိမ်ထောင်စုများတွင် ဝင်ငွေကျဆင်းမှု ပမာဏသည် အများဆုံးဖြစ်ပြီး ဝင်ငွေရရှိနိုင်သည့်ရင်းမြစ်များလည်း ပိုမိုနည်းပါးပါသည်။ ထိုအိမ်ထောင်စုများ၏ လေးပုံသုံးပုံကျော်သည် အကျပ်အတည်းရင်ဆိုင်ကျော်လွှားသည့်နည်းလမ်းတစ်ခုအဖြစ် အစားအသောက်မဟုတ်သော ပစ္စည်းများသုံးစွဲမှုကို လျှော့ချခဲ့ကြပါသည်။

လွန်ခဲ့သောဆယ်လအတွင်းတွင် အိမ်ထောင်စုများ၏ အစားလျှော့စားမှုများပြားလာပြီး ဤသည်ကိုလည်း မြို့ပြဒေသများတွင် ပိုတွေ့ရပါသည်။ ကျေးလက်နေအိမ်ထောင်စုများ၏ ဆယ်ပုံတစ်ပုံကျော်သည် နောင်တွင်စားသုံးရန် သိုလှောင်ထားသော ရိက္ခာများကို ထုတ်ယူစားသုံးပြီးဖြစ်ကြောင်း သိရပါသည်။

လယ်ယာနှင့်မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းကဏ္ဍသည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း အဖြစ်အပျက်နှစ်ခုစလုံးကြောင့် အကြီးအကျယ် ထိခိုက်ခဲ့ပါသည်။ ဖြေဆိုသူများ၏ ငါးပုံနှစ်ပုံက ဤရင်းမြစ်မှ ရရှိနေသည့်ဝင်ငွေများ ဆုံးရှုံးခဲ့ရသည်ဟု ဆိုပါသည်။ ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်း ဖြေဆိုသူများ၏ လေးပုံတစ်ပုံကျော်က ၎င်းတို့၏ အိမ်ထောင်စုတွင် အလုပ်အကိုင် အပြီးအပိုင်ဆုံးရှုံးခဲ့ရသည့် လခစားအလုပ် လုပ်ကိုင်သူ တစ်ဦးရှိသည်ဟု ဖြေဆိုပါသည်။ အိမ်ထောင်စုများအတွင်း အလုပ်အကိုင်ဆုံးရှုံးမှုအများစုကို အမျိုးသားများ ကြုံတွေ့ရခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိရန် ပိုမိုခက်ခဲလာသည်ဟု ဖြေဆိုသောရာခိုင်နှုန်းသည် သိသိသာသာ မြင့်တက်လာပြီး မြို့ပြဒေသများတွင် ထိုသို့ ဖြေဆိုသူရာခိုင်နှုန်း မြင့်တက်လာမှု အများဆုံးဖြစ်ပါသည်။ စုစုပေါင်း ဖြေဆိုသူရာခိုင်နှုန်းကိုကြည့်လျှင်မူ ကျေးလက်နေ အိမ်ထောင်စုများသည် ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီရရှိရန် ပိုမိုခက်ခဲလာသည်ဟု ဖြေဆိုသည့် ရာခိုင်နှုန်း ပိုများပါသည်။ ဝန်ဆောင်မှုရရှိရန် ခက်ခဲရမှုအချို့သည် ကျန်းမာရေးဌာနများသို့ ရောက်ရှိရန် ခရီးသွားရမည် ကြောက်ရွံ့သောကြောင့် ဖြစ်သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်းတွင် အိမ်ထောင်စုပေါင်း ၃၀၀,၀၀၀ ခန့်သည် ရွှေ့ပြောင်းသွားလာမှုများ ပြုလုပ်ခဲ့ပါသည်။ ဖြေဆိုသူများ၏ ရာခိုင်နှုန်းအနည်းငယ်က ၎င်းတို့၏ အိမ်ထောင်စုတွင် လာမည့် ၁၂ လ ကာလအတွင်း နိုင်ငံရပ်ခြားသို့ သွားရောက်ရန် စီစဉ်နေသူတစ်ဦးရှိသည်ဟုဆိုပြီး ထိုအထဲမှ ထက်ဝက်ခန့်သည် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို စတင်ပြုလုပ်နေပြီ ဖြစ်သည်။ လူများ အများဆုံးသွားရောက်ကြသည့်နိုင်ငံများမှာ ဂျပန်၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့ ဖြစ်ပါသည်။

# နောက်ဆက်တွဲ (၁)

## အကျပ်အတည်း ရင်ဆိုင်ကျော်လွှားမှု နည်းလမ်းများနှင့် စပ်လျဉ်း၍ ကြိမ်နှုန်းမြင့်စစ်တမ်းများ (HFS) နှင့် ပြည်သူ့အခြေခံလိုအပ်ချက် စစ်တမ်းတို့ကြား နှိုင်းယှဉ်ချက်

ပုံ (၂.၂) သည် အောက်ပါအချက်အလက်များပေါ်တွင် အခြေခံထားခြင်း ဖြစ်သည်။

| | ၁။ အစား အသောက် မဟုတ်သော ပစ္စည်းများ သုံးစွဲမှု လျှော့ချခြင်း | ၂။ ငွေရေး ကြေးရေး အဖွဲ့အစည်းများ (သို့) ငွေတိုးချေး သူများထံမှ ချေးငွေ ရယူခြင်း | ၃။ ပိုင်ဆိုင် ပစ္စည်းများ ရောင်းချခြင်း | ၄။ စုဆောင်းငွေ များ ထုတ်သုံး ခြင်း | ၅။ မိသားစု/ မိတ်ဆွေများ ထံမှ ငွေချေးခြင်း |
|---|---|---|---|---|---|
| HFS ၂၀၂၀ မေ | ၅၂.၀ | ၁၉.၀ | ၉.၀ | ၃၄.၀ | ၂၄.၀ |
| HFS ၂၀၂၀ ဇွန် | ၅၀.၀ | ၃၃.၀ | ၁၄.၀ | ၃၈.၀ | ၂၆.၀ |
| HFS ၂၀၂၀ ဩဂုတ် | ၃၀.၀ | ၃၅.၀ | ၇.၀ | ၃၂.၀ | ၂၄.၀ |
| HFS ၂၀၂၀ အောက်တိုဘာ | ၅၀.၀ | ၃၅.၀ | ၁၅.၀ | ၄၀.၀ | ၂၄.၀ |
| ပြည်သူ့အခြေခံလိုအပ်ချက် စစ်တမ်း မေ/ဇွန် ၂၀၂၁ | ၆၈.၁ | ၂၉.၅ | ၂၆.၅ | ၂၈.၈ | ၃၆.၀* |

* မိသားစုဆွေမျိုးနှင့် မိတ်ဆွေများထံမှ သတ်မှတ်ချက်တစ်စုံတစ်ရာမရှိသည့် နှောင်ကြိုးမဲ့ကူညီထောက်ပံ့မှုများ (၆.၆ ရာခိုင်နှုန်း) မပါဝင်ပါ။

၂။ ငွေရေးကြေးရေး အဖွဲ့အစည်းများ (သို့) ငွေတိုးချေးသူများထံမှ ချေးငွေရယူခြင်းအတွက် တန်ဖိုးများသည် HFS စစ်တမ်းမှ အမျိုးအစားအုပ်စုနှစ်ခုကို ပေါင်းစပ်တွက်ချက်ထားခြင်း ဖြစ်သည်။

| | ငွေရေးကြေးရေး အဖွဲ့အစည်းများမှ ချေးငွေရယူခြင်း | ငွေတိုးချေးသူများထံမှ ချေးငွေရယူခြင်း | စုစုပေါင်း |
|---|---|---|---|
| HFS ၂၀၂၀ မေ | ၁၉ | မမေးမြန်းခဲ့ | ၁၉ |
| HFS ၂၀၂၀ ဇွန် | ၁၉ | ၁၄ | ၃၃ |
| HFS ၂၀၂၀ ဩဂုတ် | ၂၄ | ၁၁ | ၃၅ |
| HFS ၂၀၂၀ အောက်တိုဘာ | ၂၂ | ၁၃ | ၃၅ |

## ကြိမ်နှုန်းမြင့်စစ်တမ်းမှ မေးခွန်း

အိမ်ထောင်စုသည် ကိုဗစ်ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသောအကျပ်အတည်းအား ရင်ဆိုင်တုံ့ပြန်ရာတွင် အောက်ပါတို့ထဲမှ တစ်ခုခုကို လုပ်ဆောင်ခဲ့ပါသလား။
အားလုံးကို မေးမြန်းပြီး ကုဒ်နံပါတ်များအသုံးပြု၍ လုပ်ဆောင်သည် သို့မဟုတ် မလုပ်ဆောင် ဟူသည်ကို ဖြည့်ပေးပါ။

(က) စုဆောင်းငွေများ ထုတ်သုံးခြင်း၊
(ခ) မိတ်ဆွေနှင့် မိသားစုဆွေမျိုးများထံမှ အကူအညီ ရယူခြင်း၊
(ဂ) မိတ်ဆွေနှင့် မိသားစုဆွေမျိုးများထံမှ ငွေချေးခြင်း၊
(ဃ) အစားလျှော့စားခြင်း၊
(င) အစားအသောက်မဟုတ်သော ပစ္စည်းများ သုံးစွဲမှုလျှော့ချခြင်း၊
(စ) ရိတ်သိမ်းထားသော ကောက်ပဲသီးနှံများအား ကြိုတင်ရောင်းချခြင်း၊
(ဆ) ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုမှ ချေးငွေရယူခြင်း၊
(ဇ) အစိုးရထံမှ စားနပ်ရိက္ခာအကူအညီများ ရရှိခြင်း၊
(ဈ) အိမ်ငှားခ လျှော့ပေး၊ ကင်းလွတ်ခွင့်ရခြင်း၊
(ည) မီတာခ၊ စသည် လျှော့ပေး၊ ကင်းလွတ်ခွင့်ရခြင်း၊
(ဋ) ပိုင်ဆိုင်ပစ္စည်းများ ရောင်းချခြင်း (စိုက်ပျိုးရေးပစ္စည်းများ သို့မဟုတ် အခြားပစ္စည်းများ)
(ဌ) ဝင်ငွေဖန်တီးသည့်အလုပ်များ ထပ်ဆောင်းလုပ်ကိုင်ခြင်း၊
(ဍ) အကြွေးဖြင့်ဝယ်ယူခြင်း၊
(ဎ) ပေးရန်ရှိသည်များကို ဆိုင်းငံ့ထားခြင်း၊
(ဏ) NGO မှ အကူအညီများ လက်ခံရယူခြင်း၊
(တ) အလုပ်ရှင်ထံမှ လစာကြိုထုတ်ခြင်း၊
(ထ) အလုပ်လက်မဲ့ ထောက်ပံ့ကြေး ရရှိခြင်း၊
(ဒ) အာမခံကြေးရရှိခြင်း၊
(ဓ) ဘာမျှမလုပ်၊
(န) အခြား၊ ဖော်ပြပါ –

## ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းမှ မေးခွန်း

ယခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်းတွင် သင့်အိမ်ထောင်စုသည် နေထိုင်မှုစရိတ်များ ကာမိစေရန် အောက်ပါတို့ထဲမှ တစ်ခုခုကို လုပ်ဆောင်ခဲ့ပါသလား။
ဖတ်ပြပြီး ကုဒ်နံပါတ်ဖြင့် ရေးသွင်းပါ။

၁။ မိတ်ဆွေများ သို့မဟုတ် မိသားစုဆွေမျိုးများထံမှ ငွေချေးခြင်း (ဤငွေသည် တစ်ချိန်တွင် ပြန်လည်ပေးဆပ်ရမည့်ငွေ ဖြစ်သည်)၊
၂။ မိတ်ဆွေများ သို့မဟုတ် မိသားစုဆွေမျိုးများထံမှ နှောင်ကြိုးမဲ့အကူအညီ (ဤငွေသည် တစ်ချိန်တွင် ပြန်လည် ပေးဆပ်ရန် မလိုသောငွေ ဖြစ်သည်)၊
၃။ မိသားစုဆွေမျိုးမဟုတ်သော အခြားနေရာများမှ ငွေချေးယူခြင်း (ဘဏ်များ၊ ငွေတိုးချေးသူများ၊ အပေါင်ဆိုင်များ ပါဝင်ပါသည်)၊
၄။ နေထိုင်မှုစရိတ်များ ကာမိစေရန် စုဆောင်းငွေကို ထုတ်သုံးခြင်း (သုံးစွဲသည်ဟုဆိုပါက မေးခွန်း S2Q10 ကို မေးပါ)၊
၅။ အဝတ်အစား၊ ဖုန်းငွေဖြည့်ခြင်း၊ စသည်ကဲ့သို့ အစားအသောက်မဟုတ်သော ပစ္စည်းများ ဝယ်ယူမှုကို လျှော့ချခြင်း၊
၆။ ငွေ သို့မဟုတ် အခြားအရင်းအမြစ်များမရှိခြင်းကြောင့် အစားလျှော့စားခြင်း (အခြားအရင်းအမြစ်များတွင် အိမ်တွင် စိုက်ပျိုးထုတ်လုပ်သော ထုတ်ကုန်များ သို့မဟုတ် ကုန်ချင်းဖလှယ်ရရှိသော ထုတ်ကုန်များ)၊
၇။ အိမ်ထောင်စုစားသုံးရန် သိုလှောင်ထားသော ကောက်ပဲသီးနှံများအား ရောင်းချခြင်း၊
၈။ ရွှေ၊ မော်တော်ဆိုင်ကယ်၊ မွေးမြူရေးတိရစ္ဆာန်၊ စသည်ကဲ့သို့သော ပိုင်ဆိုင်ပစ္စည်းများအား ရောင်းချခြင်း၊ ရောင်းချသည် ဆိုပါက မေးခွန်း S2Q11 ကို မေးပါ။
၉။ ဘာမျှ မလုပ်ပါ။

**ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်**
အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊
ရန်ကုန် ၁၁၂၁၁၊ မြန်မာ၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဖုန်း – +၉၅(၁) ၅၄၂၉၁၀ မှ ၁၉ အထိ
ဖက်စ် – +၉၅ (၁) ၅၄၄ ၅၃၁
အီးမေးလ် – registry.mm@undp.org
www.mm.undp.org
UNDP Myanmar
UNDP_Myanmar